ကြေးမုံ
The Mirror

၁၃၇၂ ခုနှစ်၊ နတ်တော်လဆန်း ၆ ရက်၊ တနင်္ဂနွေနေ့ (12-12-2010) (၆၆၁၀)

## စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့်ပြည်ထောင်စု စိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

# နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင် စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၅၃)

# သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၅၃) သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်စဉ်။ (သတင်းစဉ်)

နေပြည်တော် ဒီဇင်ဘာ ၁၁

**စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၅၃) သင်တန်းဆင်း ဂုဏ်ပြုညစာ စားပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၀ ရက် ညနေ ၅ နာရီခွဲတွင် ပြင်ဦးလွင်မြို့ စစ်တက္ကသိုလ် အနော်ရထာတပ်ရင်း ခန်းမဆောင်၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ တက်ရောက်ချီးမြှင့်ကြ သည်။**

### တက်ရောက်

အဆိုပါ သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦး၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး ညဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဒုတိယ ဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာန မှ တပ်မတော်အရာရှိကြီးများ၊ တိုင်းမှူးများ၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ တပ်မတော် အရာရှိကြီးများ၊ မန္တလေးမြို့တော်ဝန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြင်ဦးလွင်တပ်နယ်မှူး၊ ပြင်ဦးလွင်တပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ စာပေညွှန်ကြားရေးမှူးနှင့် ဗိုလ်လောင်းတပ်ရင်း များမှ တပ်ရင်းမှူးများ၊ ပါမောက္ခ/ဌာနမှူးများ၊ ဆရာ၊ ဆရာမများ၊ သင်တန်းဆင်းအရာရှိများနှင့် ၎င်းတို့၏ မိဘဆွေမျိုးများ တက်ရောက်ကြ သည်။ (သတင်းစဉ်)

### နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ❖ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- ❖ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ❖ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ❖ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ❖ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ❖ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ❖ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ❖ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက် (၄)ရပ်

- ❖ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ❖ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့် ရှောက်ရေး
- ❖ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ❖ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကြေးမုံ The Mirror
၁၂-၁၂-၂၀၁၀
(တနင်္ဂနွေနေ့)

# မျိုးချစ်တပ်မတော်အဖြစ် ဆက်လက်ရပ်တည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ဝိုင်းဝန်းကူညီ

စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၅၃) သင်တန်းဆင်းဂုဏ်ပြု စစ်ရေးပြအခမ်းအနားကို ဒီဇင်ဘာ ၁၀ ရက်နေ့က ပြင်ဦးလွင်မြို့ စစ်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အဆိုပါ ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားသို့ တက်ရောက်ပြီး မိန့်ခွန်းပြောကြားရာတွင် **"နှစ်ပေါင်းနှစ်ဆယ်အတွင်း နိုင်ငံတော်မှာ ဖွံ့ဖြိုးတိုးတက်မှုမရှိတဲ့ ကဏ္ဍဆိုတာ မကျန်ရအောင် ကြိုးပမ်းတည်ဆောက်ခဲ့တဲ့ သမိုင်းမှတ်တိုင်တွေဟာ ပြည်သူ့အတွက် တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့တဲ့ တပ်မတော်ရဲ့ စေတနာကြီးမားမှု သက်သေပဲဖြစ်တယ်။ ရဲဘော်တို့ဟာ ပြည်သူ့တပ်မတော်သားတွေပီသစွာ တပ်မတော်ရဲ့ ဒီအစဉ်အလာတွေအတိုင်း နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်ရေးအတွက် တက်လာတဲ့ အစိုးရသစ်ကို ဝိုင်းဝန်းကူညီဆောင်ရွက်ကြရမယ်။ တစ်ဖက်ကလည်း မိမိရဲ့အဓိကတာဝန်ဖြစ်တဲ့ နိုင်ငံတော်ကာကွယ်ရေးကဏ္ဍကို ကြိုးပမ်းမြှင့်တင်ပြီး မျိုးချစ်တပ်မတော်အဖြစ် ဆက်လက်ရပ်တည်သွားကြဖို့လိုတယ်"** ဟူ၍ မှာကြားသည်။

တပ်မတော်သည် သမိုင်းအဆက်ဆက်တွင် နိုင်ငံတော်နှင့် နိုင်ငံသားတို့အပေါ် ထာဝစဉ်ကာကွယ် စောင့်ရှောက်လျက်ရှိသည်။ တပ်မတော်၏ သက်တမ်းတစ်လျှောက်တွင် နိုင်ငံတော်၌ အရေးကြုံတိုင်း ပြည်သူ့ရှေ့က မားမားမတ်မတ် ရပ်တည်လာခဲ့သည့် သမိုင်းအစဉ်အလာရှိသည်။ ယနေ့အချိန်အခါတွင်လည်း ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များချမှတ်၍ နိုင်ငံတော်သစ် တည်ဆောက်ရေး တာဝန်ထမ်းဆောင်လျက်ရှိသည်။

နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို ဖိဖိစီးစီးဆောင်ရွက်ခဲ့သည်။ ပြည်တွင်းလက်နက်ကိုင် ဆန့်ကျင်ဘက်အဖွဲ့အားလုံး ဥပဒေဘောင်အတွင်း ဝင်ရောက်ပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ကိုင်ရေး ဖိတ်ခေါ်ခဲ့ရာ အဖွဲ့အစည်းအများအပြား လက်တွဲဆောင်ရွက်နေကြပြီဖြစ်သည်။ တိုင်းရင်းသားများအကြား အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး ကြိုးပမ်းနိုင်မှုနှင့်အတူ နိုင်ငံတော်သစ်ဆက်လက်တည်ဆောက်သွားနိုင်ရေး ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများကို ဖြည့်ဆည်းပေးခဲ့သည်။

နိုင်ငံ၏ စီးပွားရေးကို မြှင့်တင်ရာတွင် စိုက်ပျိုးရေးကို အခြေခံပြီး အခြားစီးပွားရေးကဏ္ဍများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ဦးတည်ကြိုးပမ်းခဲ့သည်။ စိုက်ပျိုးရေးလုံ လောက်စွာရရှိရေး ဆည်တမံများ တိုးချဲ့တည်ဆောက်ခြင်း အပါအဝင် လိုအပ်ချက်များကို ဖြည့်ဆည်းပေးလျက်ရှိရာ စိုက်ပျိုးမြေများ တိုးတက်လာခဲ့သည်။ နှစ်စဉ် စပါးအထွက်တင်းသန်းပေါင်း ၁၅၀၀ ကျော် ထွက်ရှိနေပြီ။ သစ်တော၊ လျှပ်စစ်၊ စွမ်းအင်၊ စက်မှု စသည့်ကဏ္ဍအလိုက် တိုးတက်မှုများ ရရှိခဲ့ပြီ။ နိုင်ငံတစ်နံတစ်လျားကားလမ်း၊ ရထားလမ်းသစ်များနှင့် တံတားပေါင်းများစွာကို တည်ဆောက်ပေးခဲ့ပြီ။ ပညာရေး၊ ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုရလဒ်ကောင်းများ ဖြစ်ထွန်းရရှိနေပြီဖြစ်သည်။

တပ်မတော်က နိုင်ငံတော်သစ် တည်ဆောက်နိုင်ရေးအတွက် နှစ်ပေါင်းနှစ်ဆယ်အတွင်း ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အခြေခံကောင်းများကို အရှိန်အဟုန်ဖြင့် တည်ဆောက်ပေးထားပြီဖြစ်သည်။ တပ်မတော်၏ စေတနာနှင့် ကြိုးပမ်းမှုကိုဖော်ညွှန်းနေသည့် သမိုင်းမှတ်တိုင်များဖြစ်သည်။ တပ်မတော်၏ အစဉ်အလာကောင်းများနှင့်အညီ နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို မြှင့်တင်ရင်း နိုင်ငံနှင့်ပြည်သူတို့အတွက် မျိုးချစ်တပ်မတော်အဖြစ် ဆက်လက်ရပ်တည်သွားမည် ဖြစ်ပေသည်။ ။



**ပြည်တွင်းအခွန်များဦးစီးဌာန ကွန်ပျူတာအခြေခံသင်တန်းအမှတ်စဉ်(၂၀) သင်တန်းဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၆ ရက်က ရန်ကုန်မြို့ ပန်းဆိုးတန်း လမ်းရှိ ပြည်တွင်းအခွန်များဦးစီးဌာန သင်တန်းခန်းမ၌ ကျင်းပရာ ညွှန်ကြားရေးမှူးချုပ်ကိုယ်စား ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မြင့်ထွန်း သင်တန်းဖွင့် အမှာစကား ပြောကြားစဉ်။** (ကြေးမုံ)

## မိတ္ထီလာမြို့ စစ်ရဲမှုလတန်းကျောင်း အာစရိယပူဇော်မည်

**ရန်ကုန် ဒီဇင်ဘာ ၁၁**

မိတ္ထီလာမြို့ အမက(၉) စစ်ရဲမူလတန်းကျောင်းမှ အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများအား ကျောင်းသား၊ ကျောင်းသူဟောင်းများက ဒီဇင်ဘာ ၂၅ ရက် နံနက် ၉ နာရီတွင် ပေါက်ချောင်းရပ် ဓမ္မာရုံ၌ လျှုဒါန်းပူဇော်မည်ဖြစ်ပါ၍ ကိုမောင်မောင်ကြီး ဖုန်း-၀၉-၆၅၂၀၂၀၄၊ ကိုလှိုင်ဝင်းကို ဖုန်း-၀၉-၅၀၈၈၆၆၃၊ ကိုမျိုးမင်း ဖုန်း-၀၉-၂၀၃၄၉၀၁၊ မသူသူအောင် ဖုန်း-၀၉-၂၀၃၇၁၆၇၊ ကိုစောနိုင်ထွန်း ဖုန်း-၀၉-၂၂၀၀၈၄၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



# ရေဝတီမြစ်ဆုံ ရေအားလျှပ်စစ်စီမံကိန်း ဒုတိယဝန်ကြီး ဦးမျိုးမြင့် ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၁၁**

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်သည် တာဝန်ရှိသူများလိုက်ပါလျက် ဒီဇင်ဘာ ၆ ရက် နံနက်ပိုင်းက ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မြောက်ဘက် ၂၅ မိုင်ခန့်အကွာ တန်ဖဲ့ရွာအနီး မေခ-မလိခမြစ်ဆုံ အောက်ဘက် ၄ဒသမ၅ မိုင်အကွာရှိ စက်တပ်ဆင်အင်အားမဂ္ဂါဝပ် ၆၀၀၀ ဓာတ်အားထုတ်လုပ်နိုင်မည့် ဧရာဝတီမြစ်ဆုံ ရေအားလျှပ်စစ်စီမံကိန်းမြစ်၏ ဝဲ၊ ယာဘက်ကမ်း စီမံကိန်းလုပ်ငန်းခွင်အတွင်း အသုံးပြုရန်အတွက် မြစ်ကူးတံတား တည်ဆောက်ရေးလုပ်ငန်းခွင်သို့ရောက်ရှိရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီးက လုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ထို့နောက် ပင်မတမံ ယာဘက်ကမ်းလုပ်ငန်းဆောင်ရွက်ထားမှုကို ကြည့်ရှုစစ်ဆေးပြီး စီမံကိန်းရှင်းလင်းဆောင်သို့ရောက်ရှိရာ China Power Investment (CPI)မှ တာဝန်ရှိသူများက အကြိုလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ စီမံကိန်းလုပ်ငန်းများကို အပိုင်းလိုက် ခွဲခြားဆောင်ရွက်ပြီးစီးမှု၊ ကျန်ရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံတို့ကိုရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်းပေးပြီး အမှာစကားပြောကြားသည်။

ထို့နောက် မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်း ရေဝပ်ဧရိယာအတွင်း ကျရောက်သည့် ကျေးရွာများအား ပြောင်းရွှေ့နေရာချထားသည့် နေရာသို့ရောက်ရှိပြီး ပြန်လည်နေရာချထားသည့်အိမ်ရာများကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## မော်လမြိုင်ပညာရေးကောလိပ် အာစရိယပူဇော်မည်

**ရန်ကုန် ဒီဇင်ဘာ ၁၁**

မော်လမြိုင် ပညာရေးကောလိပ် (ယခင် မော်လမြိုင် ဆရာအတတ်သင်သိပ္ပံ)၏ ပဥ္စမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၁၆ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ယင်းကျောင်း(ပညာညီလာခန်းမ)၌ ကျင်းပမည်ဖြစ်ရာရန်ကုန်မှ လိုက်ပါလိုသူများသည် ဒေါ်သန်းဌေး ဖုန်း-၀၁-၅၁၀၇၇၄၊ ဦးစိုးမြင့် ဖုန်း-၀၉-၅၁၈၃၆၁၆၊ ဒေါ်မိမေသန်းကြည် ဖုန်း-၀၁-၇၃၀၃၃၁၅၈ တို့သို့ ဆက်သွယ်ပါရန်နှင့် လှူဒါန်းလိုသူများသည် ဦးထွန်းရီ ဖုန်း-၀၉-၅၃၂၀၅၄၉၊ ဦးအန်းကူ ဖုန်း-၀၉-၅၆၆၀၁၂၁၊ ဦးစောစံယဉ် ဖုန်း-၀၉-၄၉၇၇၁၁၂၃၊ ဒေါ်မြတ်မြတ်ဝေ (ကျောင်းအုပ်ဆရာမကြီး) ဖုန်း-၀၉-၅၀၃၅၀၃၆၊ ဦးမင်းပန်းအေး ဖုန်း-၀၅၇-၂၇၁၆၈၊ ဦးဉာဏ်သောင်း ဖုန်း-၀၉-၄၉၈၀၀၃၃၄၊ ဒေါ်နန်းလှယဉ်မေ ဖုန်း-၀၉-၅၆၇၀၅၄၀ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(ကြေးမုံ)

## ငါးလုပ်ငန်းအဖွဲ့ချုပ်၌ နှစ်လည်စည်းဝေးမည်

**ရန်ကုန် ဒီဇင်ဘာ ၁၁**

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၏ ဦးဆောင်မှုဖြင့် ဖွဲ့စည်းထားသော မြန်မာနိုင်ငံ ငါးမွေးမြူရေး လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ငါး/ပုစွန် အစာထုတ်လုပ်ရောင်းဝယ်သူများအသင်းနှင့် မြန်မာနိုင်ငံ ရေချိုငါးဖမ်းလုပ်ငန်းလုပ်ကိုင်သူများအသင်းများ၏ နှစ်ပတ်လည်အစည်းအဝေးအခမ်းအနားကို ဒီဇင်ဘာ ၁၉ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ကျင်းပမည်ဖြစ်ရာ အဆိုပါအသင်းလေးသင်းမှ အသင်းဝင်များအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ နှစ်ပတ်လည်အစည်းအဝေးအခမ်းအနားသို့ တက်ရောက်ကြပါရန် ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**မလှိုင်မြို့နယ်ခန်းမအရှေ့ဘက်လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို မလှိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးရဲနိုင်နှင့် အငယ်တန်းအင်ဂျင်နီယာ- ၂ ဒေါ်ဆွေဆွေလွင်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။** (ကြေးမုံ)

## AVSS Myanmar ၌ ဆွေးနွေးနိုင်

**ရန်ကုန် ဒီဇင်ဘာ ၁၁**

Australiaနိုင်ငံတွင် အဆင့်မြင့်ပညာများ ဆက်လက်သင်ကြားလိုသောကျောင်းသား၊ကျောင်းသူများအတွက် ကျောင်းမလျှောက်မီ သိရှိထားသင့်သည့်အင်္ဂလိပ်စာ အရည်အချင်း သတ်မှတ်ချက်များ၊ မိမိတို့အရည်အချင်းနှင့်ကိုက်ညီမည့် ဘာသာရပ်ရွေးချယ်မှု၊ တက္ကသိုလ်များ၏ သတင်းအချက်အလက်များ၊ မိမိရွေးချယ်တက်ရောက်မည့်တက္ကသိုလ်များ၏ ကုန်ကျစရိတ်များ၊ ကျောင်းမတက်မီ ကြိုတင်ပြင်ဆင်ထားသင့်သည့်အချက်အလက်များစသည့် အချက်အလက်များကို မှန်ကန်စွာသိထားရန် လိုအပ်သည်။

ယင်းအတွက် Australia ပညာရေးအတွက် ဆွေးနွေးဆောင်ရွက်ပေးသည့် AVSS Myanmarတွင် ဘာသာရပ်တစ်ခုချင်းအတွက် အသေးစိတ် အချက်အလက်များ၊ မိမိရွေးချယ် တက်ရောက်မည့်နာမည်ကြီးတက္ကသိုလ်များနှင့် ဝင်ခွင့်လိုအပ်ချက်များ၊ မိမိလက်ရှိ အရည်အချင်းနှင့် ဆက်လက်တက်ရောက်နိုင်မည့် အဆင့်သတ်မှတ်ချက်များ၊ အလုပ်အကိုင်ရှာဖွေရာတွင် အထောက်အကူဖြစ်စေမည့် Australia နိုင်ငံ၏ လူဝင်မှုကြီးကြပ်ရေးမူဝါဒ အပြောင်းအလဲများကို တစ်ဦးချင်းစီ ဆွေးနွေးနိုင်မည်ဖြစ်သည်။

ထို့အပြင် AVSS Myanmar မှကျောင်းစလျှောက်သည်မှစ၍ Visa လျှောက်ပေးခြင်း၊ Australia နိုင်ငံ၌ Bank Account ကြိုတင်ဖွင့်ပေးခြင်း၊ နေထိုင်ရန်စီစဉ်ပေးခြင်းနှင့် လေဆိပ်ကြိုပို့ခြင်းစသည့် ဝန်ဆောင်မှုများကိုလည်း ဆောင်ရွက်ပေးမည် ဖြစ်သည်။

စိတ်ပါဝင်စားသည့် မိဘများနှင့် ကျောင်းသား၊ကျောင်းသူများသည် AVSS Myanmar (Yangon Branch)ရုံးခန်း အမှတ် (၄၂ D) ဗိုလ်ရာညွန့်လမ်း ဒဂုံမြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၉၃၃၁၆၊ ၀၉-၅၁၄၇၂၂၇၊ ၀၉-၅၀၁၄၃၃၄ နှင့် AVSS Myanmar (Mandalay Branch) ၂/တ-၇၆၅၊ ၆၉ လမ်း၊ ၃၁လမ်းနှင့် ၃၂လမ်းကြား မန္တလေးမြို့ ဖုန်း-၀၂-၇၄၂၉၁ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

## အထက (၂)မှော်ဘီ အာစရိယ ပူဇော်မည်

**ရန်ကုန် ဒီဇင်ဘာ ၁၁**

အထက (၂) မှော်ဘီ (ယခင်တပ်မတော်ကျောင်း)တွင် ၁၉၆၆ခုနှစ်မှ ၁၉၈၀ ခုနှစ်အတွင်း ပညာသင်ကြားပို့ချခဲ့ကြသော ဆရာကြီး၊ ဆရာမကြီးများအား ဒုတိယအကြိမ် အာစရိယပူဇော်ပွဲကို အထက (၂) မှော်ဘီ မေတ္တာရောင်ခြည်ခန်းမ၌ ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၉ ရက် (တနင်္ဂနွေနေ့)တွင် ကျင်းပမည်ဖြစ်ရာ ဦးဆန်းထွန်း ဖုန်း-၀၁-၆၂၀၂၆၉၊ ဒေါက်တာ စောကလယ်ခူ ဖုန်း-၀၉-၅၁၆၅၈၁၄၊ ဦးမြသန်းထိုက် ဖုန်း- ၀၉-၈၀၂၅၀၉၃၊ ဦးမြင့်ဝင်း ဖုန်း-၀၆၇-၄၂၁၄၃၈၊ ဒေါက်တာသီဟကျော် ဖုန်း-၀၉-၅၁၅၃၆၈၇၊ ဗိုလ်ကြီးအောင်မြင့် (ငြိမ်း) ဖုန်း- ၀၉-၅၁၆၂၈၇၂၊ ဦးဇော်မင်း ဖုန်း-၀၁-၆၂၀၄၄၀၊ ဦးကျော်မင်း ဖုန်း-၀၉-၅၀၄၃၃၅၇၊ ဦးကာကျော် ဖုန်း-၀၉-၈၅၀၀၀၅၄၊ ဒေါ်အေးအေးစိုး ဖုန်း-၀၁-၆၂၀၈၈၁၊ ဒေါ်စန်းယုမေ ဖုန်း-၇၃၁၀၁၉၀၀၊ ဒေါ်ခင်မြတ်မူ ဖုန်း-၀၁-၆၆၁၉၀၃နှင့် ဒေါ်ချိုချိုမြင့်ဦး ဖုန်း-၀၉-၅၀၀၈၀၁၁တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(ကြေးမုံ)

# ဝန်ကြီး ဦးဌေးဦး အပင်မျိုးရိုးဗီဇဆိုင်ရာ အဆင့်မြင့်အစည်းအဝေးသို့ တက်ရောက်ခဲ့

နေပြည်တော် ဒီဇင်ဘာ ၁၁

**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဒီဇင်ဘာ ၇ ရက်တွင် အီတလီနိုင်ငံ ရောမမြို့ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) ဌာနချုပ်၌ ကျင်းပသည့် စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအတွက် အပင်မျိုးရိုးဗီဇအရင်းအမြစ်များဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်နှင့် စပ်လျဉ်းသည့် အဆင့်မြင့်စားပွဲဝိုင်းအစည်းအဝေး ( High Level Round Table on the Importance of the International Treaty on Plant Genetic Resources for Food and Agriculture in Meeting the Climate Change Challenges, Enhancing Food Security and Addressing Agro-biodiversity Erosion) သို့ အဖွဲ့ဝင်နိုင်ငံ ၆၀ ကျော်မှ ကိုယ်စားလှယ်အဖွဲ့များနှင့်အတူ တက်ရောက်ခဲ့သည်။**

အစည်းအဝေးဖွင့်ပွဲတွင် အီတလီနိုင်ငံ စိုက်ပျိုးရေး၊ အစားအစာနှင့် သစ်တောရေးရာ မူဝါဒဆိုင်ရာဝန်ကြီးဌာန ဝန်ကြီး H.E. Giancarlo Galan က နှုတ်ခွန်းဆက် အမှာစကားပြောကြားပြီး အပင်မျိုးရိုးဗီဇအရင်းအမြစ် ထိန်းသိမ်းစောင့်ရှောက်ခြင်း အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ် (IT- PGRFA) နှင့် စပ်လျဉ်းသည့် သဘောထားအမြင်များကို သုံးသပ်ဆွေးနွေးကြကာ စာချုပ်အဖွဲ့ဝင် နိုင်ငံအလိုက် အစည်းအဝေးတက်ရောက်လာကြသည့် ဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် ကိုယ်စားလှယ်များက မိမိတို့၏ သဘောထားအမြင်များကို ပြန်လည်ဆွေးနွေးကြသည်။

ယင်းနောက် မြန်မာနိုင်ငံကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဝန်ကြီး ဦးဌေးဦးက မြန်မာနိုင်ငံတွင် ဆောင်ရွက်နေသော IT- PGRFA နှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံတွင် မျိုးရိုးဗီဇမျိုးကွဲများ စုဆောင်းသိုလှောင်မှုများ ပြုလုပ်ထားရှိမှု အခြေအနေ၊ နည်းပညာအထောက်အပံ့ဖြင့် ကမ္ဘာ့စားနပ်ရိက္ခာဖူလုံရေးအတွက် မြန်မာနိုင်ငံမှ အထောက်အကူပြုနိုင်မည့် အလားအလာများနှင့် စိုက်ပျိုးထုတ်လုပ်မှု မြင့်မားတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ကုလသမဂ္ဂ စိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာအဖွဲ့ Flag Hall တွင် အီတလီနိုင်ငံ၏ ခင်းကျင်းပြသထားသော သဘာဝသီးနှံမျိုးများ၊ သီးနှံဗီဇမျိုးကွဲများ စုဆောင်းထိန်းသိမ်းထားရှိမှုများကို ကြည့်ရှုလေ့လာကြသည်။

ဝန်ကြီး ဦးဌေးဦး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဒီဇင်ဘာ ၆ ရက် နံနက်ပိုင်းတွင် ရောမမြို့ရှိ FAO ရုံးချုပ် အစည်းအဝေးခန်းမ၌ European Union ၏ မြန်မာနိုင်ငံအထူးကိုယ်စားလှယ် Mr. Picro Fassio နှင့် လည်းကောင်း၊ မွန်းလွဲ ၁ နာရီတွင် International Volunteer Service Association (AVSI) Foundation မှ အထွေထွေအတွင်းရေးမှူး Mr.Alberto Piatti နှင့် လည်းကောင်း၊ ဒီဇင်ဘာ ၇ ရက်တွင် FAO Head Quarter ဆဋ္ဌမထပ်ရှိ အစည်းအဝေးခန်းမ၌ Sub Director General ဒုတိယညွှန်ကြားရေးမှူးချုပ် Mr.Jose Maria Sumpsi Vinas နှင့် လည်းကောင်း၊ ညနေ ၆ နာရီတွင် ဗာတီကန်နိုင်ငံခြားရေးဝန်ကြီး တာဝန်ယူဆောင်ရွက်လျက်ရှိသူ Arch Bishop SE. Mons Dominque Mamberti နှင့်လည်းကောင်း၊ ဒီဇင်ဘာ ၈ရက် နံနက် ၉နာရီတွင် အပြည်ပြည်ဆိုင်ရာ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုရန်ပုံငွေအဖွဲ့ [International Fund for Agriculture Development (IFAD)] ဒုတိယဥက္ကဋ္ဌ Ms. Yukiko Omura နှင့်လည်းကောင်း တွေ့ဆုံပြီး လယ်ယာကဏ္ဍ၌ နည်းပညာပူးပေါင်းဆောင်ရွက်ရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံရေးနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့သည်။



**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦး အီတလီနိုင်ငံ ရောမမြို့ရှိ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) ဌာနချုပ်တွင် ဒုတိယညွှန်ကြားရေးမှူးချုပ် Mr.Jose Maria Sumpsi Vinas နှင့် တွေ့ဆုံစဉ်။**

(သတင်းစဉ်)

ဝန်ကြီး ဦးဌေးဦး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဒီဇင်ဘာ ၉ ရက် နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ဦးဘညာဏ်၏ပန်းချီကားများ စုစည်းပြသ

**ပန်းချီပညာရှင်ကြီး ဦးဘညာဏ်၏ လက်ရာပြောင်မြောက်လှသည့် ပန်းချီကားများကို အများပြည်သူ လေ့လာကြည့်ရှုနိုင်ရန်ရည်ရွယ်ချက်ဖြင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ပန်းချီ ပန်းပုခန်းမတွင် ဒီဇင်ဘာ ၄ ရက်က စတင်ပြသခဲ့ရာ လာရောက်လေ့လာကြည့်ရှုသူများ အထူးစိတ်ဝင်စားခဲ့ကြောင်း သိရသည်။**

ပြပွဲသို့ လာရောက်လေ့လာကြည့်ရှုမှုနှင့်ပတ်သက်ပြီး "အခုပြပွဲကို ပန်းချီလောကက ပညာရှင်တော်တော်များများ လာကြည့်သလို ဖိလစ်ပိုင်၊ ဂျပန်၊ ကိုရီးယား၊ တရုတ်၊ အင်ဒိုနီးရှားစတဲ့ သံရုံးတွေက သံတမန်တွေလည်း စိတ်ဝင်တစား လာကြည့်ကြပါတယ်"ဟု ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန အမျိုးသားပြတိုက် (နေပြည်တော်)မှ ညွှန်ကြားရေးမှူး ဒေါ်သီတာထွန်းက ပြောကြားသည်။



ဦးဘညာဏ်၏ ဆီဆေးလက်ရာ "ဘုရားဈေး"

ယခုပြသသည့် ဦးဘညာဏ်၏ပန်းချီကားများကို ကြည့်ရှုလေ့လာခြင်းဖြင့် လေ့လာ၍မကုန်နိုင်သည့် နည်းယူစရာများ များစွာ ထွက်ပေါ်လာကြောင်း၊ အမြဲတမ်း ခံစားမှုအသစ်အသစ်များကိုလည်း ဖြစ်ပေါ်စေကြောင်း၊ ယခုပြပွဲတွင် ဦးဘညာဏ်၏ ပန်းချီလက်ရာများကို တစ်စုတစ်စည်းတည်း ကြည့်ရှုခွင့်ရကြသဖြင့် ကြည့်ရှုသူ ပြည်သူများလည်း ပရိသတ်ထံမှ များစွာ ကျေနပ်အားရမိသည်ဟု ပြောကြားခဲ့ကြကြောင်း ဒေါ်သီတာထွန်းက ရှင်းလင်းပြောကြားသည်။ "ဆရာကြီး



ဦးဘညာဏ်၏ ဆီဆေးလက်ရာ "ကရင်ပြည်နယ် ရှုခင်းအလှ"

လက်ရာတွေထဲက အခုပြသတဲ့ထဲမှာ ဆီဆေး၊ ရေဆေး၊ ခဲ၊ ကြေးခြစ်ဆိုတဲ့ ပန်းချီကားတွေ ပါပါတယ်။ အဲဒီထဲမှာ ဆရာကြီး ဥရောပတစ်ခွင်လှည့်လည်ခဲ့စဉ်က ရေးဆွဲခဲ့တဲ့ ပန်းချီကားများလည်း ပါဝင်တယ်"ဟု ၎င်းက ထပ်မံရှင်းပြသည်။

ယခုပန်းချီပြပွဲကို ဒီဇင်ဘာ ၄ ရက်မှ ၁၃ ရက်ထိ ၁၀ ရက်တိုင် ခင်းကျင်းပြသသွားမည်ဖြစ်ပြီး ပန်းချီကားပေါင်း ၆၀ ပါဝင်ပြသထားကြောင်း၊ ၎င်းပန်းချီကားများကို ပြပွဲအဖြစ်ခင်းကျင်းပြသခြင်းသာ ဖြစ်ပြီး ရောင်းချခြင်းပြုမည်မဟုတ်ကြောင်း သိရသည်။

ယခုပြပွဲကို ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ယခင်က ပန်းချီပန်းပုကျောင်း အဆောက်အအုံကို ယဉ်ကျေးမှုဝန်ကြီးဌာန ပန်းချီပန်းပုခန်းမအဖြစ် ပြောင်းလဲဖွင့်လှစ်ပြသခြင်းစတင်မှုအထိမ်းအမှတ်အဖြစ် ပြသခြင်းဖြစ်သည်။ ယခု ပန်းချီပန်းပုခန်းမကို ပန်းချီပန်းပုပညာရှင်များနှင့် ပန်းချီပန်းပုဝါသနာပါသူများအကြား ပေါင်းကူးဆက်သွယ်ပေးသည့် နေရာတစ်ခုအဖြစ် ဖော်ဆောင်နိုင်ရန်အတွက် ဖွင့်လှစ်ရခြင်းဖြစ်ပြီး ပြပွဲပြသလိုသည့် ပန်းချီပန်းပုပညာရှင်များကို ငှားရမ်းပြသခွင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် ဦးဘကြည်၊ ဦးငွေကိုင် စသည့် နာမည်ကျော် ပန်းချီပညာရှင်ကြီးတို့၏ ပန်းချီကားများကိုလည်း ပြသသွားရန် အစီအစဉ်ရှိကြောင်း၊ ထို့အပြင် ပြင်ပမှ ပန်းချီပန်းပုပညာရှင်များအနေဖြင့် ပြပွဲပြုလုပ်လိုပါကလည်း ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနက ကြီးကြပ်ကွပ်ကဲပြီး ငှားရမ်းပြသခွင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

*သတင်းနှင့် ဓာတ်ပုံ ရဲဝင်းဆောင် (ကြေးမုံ)*

# မြဝတီရုပ်မြင်သံကြား အစီအစဉ်

**၁၂-၁၂-၂၀၁၀(တနင်္ဂနွေနေ့)**

**နံနက်ပိုင်း**

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၇း၀၄ ၃။ နိုင်ငံတော်သီချင်း
- ၇း၀၅ ၄။ တရားတော်
- ၇း၁၅ ၅။ ဓမ္မပူဇာတေး
- ၇း၂၀ ၆။ မျိုးချစ်တပ်မတော်
- ၇း၂၅ ၇။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၈။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၀ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
- ၇း၅၅ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၃။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၄။ ပြီးပါပြီ။

**နေ့လယ်ပိုင်း**

- ၁၁း၀၀ ၁။ မြဝတီအဖွင့်
- ၁၁း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၁၁း၀၄ ၃။ နိုင်ငံတော်သီချင်း
- ၁၁း၀၅ ၄။ အဖွင့်သီချင်း
- ၁၁း၁၀ ၅။ မျိုးချစ်တပ်မတော်
- ၁၁း၁၅ ၆။ **ကာတွန်းအစီအစဉ် -ချစ်မိတ်ဆွေဗလကြီး (အပိုင်း-၁၂)**
- ၁၁း၂၅ ၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အိပ်မက်ကိုထုဆစ်ကြသူများ**
- ၁၂း၃၀ ၈။ ကျန်းမာသုတ
- ၂း၀၀ ၉။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ချစ်မျက်ရည်လေးပြယ်ပါစေ (အပိုင်း-၂၃)**
- ၂း၅၀ ၁၀။ အပိတ်နှုတ်ဆက်စကား
- ၂း၅၅ ၁၁။ ပြီးပါပြီ။

**ညပိုင်း**

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၄း၀၄ ၃။ နိုင်ငံတော်သီချင်း
- ၄း၀၅ ၄။ အဖွင့်သီချင်း
- ၄း၁၀ ၅။ မျိုးချစ်တပ်မတော်
- ၄း၂၀ ၆။ နတ်လူသာဓုခေါ်စေသော် (သွေးလှူရှင်ဇာတ်လမ်းတို)
- ၄း၃၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
- ၄း၃၅ ၈။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
- ၄း၄၅ ၉။ အမျိုးသားရေးတေးကဗျာ
- ၄း၅၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၂၀ ၁၁။ ဒီဇိုင်နာတို့ရဲ့ဒီဇိုင်း -အဖြူနှင့်အမဲ ဖက်ရှင်
- ၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
- ၆း၃၀ ၁၄။ ဘဝကြေးမုံ -အကြွေး (အပိုင်း-၁) (အောင်လွင်၊ မင်းသူ၊ သာထက်ပိုင်၊ နဒီဝင့်နိုင်၊ ဟန်လေး) [ဒါရိုက်တာ-ဆဲဗင်း(အိုင်စီ)]
- ၆း၅၀ ၁၅။ ဂင်းနစ်ကမ္ဘာ့စံချိန်တင်ပြိုင်ပွဲများ
- ၇း၀၀ ၁၆။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -အိပ်မက်ကောင်းကင် (အပိုင်း-၁၂)**
- ၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ နိုင်ငံတကာသတင်း
- ၂၀။ မိုးလေဝသသတင်း
- ၂၁။ ပဟေဠိနန်းတော်
- ၂၂။ ကျန်းမာသုတ
- ၂၃။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၄။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ကျွန်းအလှနှင့်ဘဝကဗျာ (အပိုင်း-၁၄)**
- ၂၅။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -အိမ်အပြန်လမ်း (အပိုင်း-၁၀)**
- ၂၆။ သင့်အတွက်မနက်ဖြန်
- ၂၇။ အပိတ်နှုတ်ဆက်စကား
- ၂၈။ ပြီးပါပြီ။

# အချိန်အခါမဲ့ မိုးရွာသွန်းမှုကြောင့် ရိတ်သိမ်းပြီး၊ ရိတ်သိမ်းဆဲ၊ ရိတ်သိမ်းမည့် မိုးစပါးများလေလွင့်ဆုံးရှုံးမှုမရှိစေရန် တောင်သူလယ်သမားများသို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ နှိုးဆော်ချက်ထုတ်ပြန်ခြင်း

- မိုးရွာနေစဉ် လုံးဝ စပါးမရိတ်သိမ်းပါနှင့်။
- ရိတ်သိမ်းဆဲ စပါးခင်းများကို အချိန်အခါမဲ့ မိုးရွာပြီးသည်အထိ ခေတ္တရပ်ထားပါ။ မရိတ်သိမ်းရသေးသော စပါးခင်း၏ စပါးစေ့များသည် ရိတ်သိမ်းပြီး ကောက်လှိုင်းရှိ စပါးစေ့များထက် လေလွင့်ဆုံးရှုံးမှု ပိုမိုသက်သာစေသည်။
- ရိတ်သိမ်းပြီးကောက်လှိုင်းများကို အမြန်ဆုံးခြွေလှေ့၍ အမိုးအကာအောက်သို့ပို့ပါ။
- ရိတ်သိမ်းထားသည့်စပါးခင်းအနီးနှင့် နီးစပ်ရာကုန်းမြင့်တွင် စပါးခြွေစက်ဖြင့် ချက်ချင်းခြွေပြီး တလင်းပျောက်စနစ်ကျင့်သုံးပါ။
- ရိတ်သိမ်းပြီးစပါးကို အမြန်ဆုံးခြွေနိုင်ရန် ကျေးရွာများရှိ စပါးခြွေစက်များအားလုံးကို စက်စွမ်းအားပြည့်အသုံးချ၍ ဆောင်ရွက်ပါ။ လိုအပ်ပါက စက်မှုလယ်ယာဦးစီးဌာန၏အကူအညီ ရယူဆောင်ရွက်ပါ။
- နယ်လှေ့ပြီးစပါးများကို အမြန်ဆုံးအိတ်သွတ်၍ အမိုးအကာအောက်သို့ ပို့ပါ။
- စပါးခြွေနယ်လှေ့ရန် အချိန်မမီပါက ကောက်လှိုင်းများကို လယ်ကွက်ထဲသို့မထားဘဲ အမိုးအကာအောက် ချက်ချင်းပို့ပါ။
- ကောက်လှိုင်းများရွှေ့ပြောင်းရန် အချိန်မမီပါက တာလပတ်၊ ပလတ်စတစ် စသည့် အမိုးအကာများနှင့် ဖုံးအုပ်ထားပါ။
- ရိတ်သိမ်းပြီး စပါးခင်းထဲတွင်ကောက်ပြန့်များရှိပါက အမြန်ဆုံးကောက်လှိုင်းစည်း၍ အနံ့ထောင်ပြီးထားပါ။ ကောက်လှိုင်းများကို မိုးရေ လျှောဆင်းနိုင်ရန် တစ်ဖက်ရပ် ပုံထားပါ။
- စပါးခြွေသော တလင်းများ၏ ပတ်လည်တွင် ရေနုတ်မြောင်းများ ပြုလုပ်ထားပါ။
- တလင်းအတွင်း ကောက်ပြန့်တွင် မိုးမိပါက ကောက်ရိုးများအမြန်ဆုံးဖယ်ရှား၍ ရေစိုစပါးများကို နေလှမ်းအခြောက်ခံပါ။
- ကောက်လှိုင်းများခြွေခြင်း၊ စပါးများအမြန်ရွှေ့ခြင်း၊ ခြွေပြီးစပါးများ ရွှေ့ပြောင်းခြင်း၊ ကောက်လှိုင်းများကို အဖုံးအကာများနှင့် ဖုံးခြင်း စသည့်လုပ်ငန်းများကို လက်စားလိုက်စနစ်ဖြင့်လည်းကောင်း၊ စုပေါင်းဖွဲ့စည်း၍လည်းကောင်း လူအင်အား၊ စက်အင်အားအပြည့်အဝအသုံးပြု၍ ဆောင်ရွက်ပါ။
- လိုအပ်သောအကူအညီများကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနလက်အောက်ရှိ လုပ်ငန်းဌာနများ၊ တိုင်း/ခရိုင်/ မြို့နယ် စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဝင်များနှင့် ညှိနှိုင်းဆက်သွယ်၍ အကူအညီများ ရယူဆောင်ရွက်ပါ။

**လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**



# တောင်ကိုရီးယား၏ နျူစွမ်းအင်နည်းပညာ မလေးရှား စိတ်ဝင်စားဟုဆို

**ပူထရာဂျယား ဒီဇင်ဘာ ၁၁**

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ကိုက်ညီသော စွမ်းအင်အရင်းအမြစ်တစ်ရပ်အဖြစ် နျူကလီးယားစွမ်းအင်ကို အသုံးပြုနိုင်ရန် တောင်ကိုရီးယားနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်သွားလိုကြောင်း မလေးရှားဝန်ကြီးချုပ် ဒါတွတ်ဆရီနာဂျစ်တွန်ရာဇတ်က ဒီဇင်ဘာ ၁၁ ရက်တွင် ပြောကြားသည်။

တောင်ကိုရီးယားနိုင်ငံသည် သဘာဝပတ်ဝန်းကျင်မပျက် သုံးစွဲနိုင်သော စွမ်းအင်နည်းပညာ ပိုင်ဆိုင်သည့်နိုင်ငံများအနက် ဦးဆောင်နိုင်ငံတစ်နိုင်ငံအဖြစ် ကမ္ဘာ၏အသိအမှတ်ပြုခြင်းကိုခံရကြောင်း၊ နျူကလီးယားဓာတ်ပေါင်းဖိုများကို ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် အသုံးပြုနိုင်ပြီး နည်းပညာကျွမ်းကျင်မှုရှိသော နိုင်ငံဖြစ်ကြောင်း မလေးရှားဝန်ကြီးချုပ်က ပြောကြားသည်။

ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်နှင့် ရုပ်ကြွင်းလောင်စာအစားထိုး စွမ်းအင်အရင်းအမြစ်များ ပေါကြွယ်သော တောင်ကိုရီးယားနိုင်ငံထံမှ နျူကလီးယားနည်းပညာ အကူအညီရရှိရန် မိမိစိတ်ဝင်စားကြောင်း မလေးရှားနိုင်ငံ ပူထရာဂျယား၌ တောင်ကိုရီးယားသမ္မတ အီမြောင်ဘတ်နှင့် ပူးတွဲကျင်းပသော သတင်းစာ ရှင်းလင်းပွဲတွင် မလေးရှားဝန်ကြီးချုပ်က ပြောကြားသည်။

မလေးရှားဝန်ကြီးချုပ်သည် တောင်ကိုရီးယားသမ္မတနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်များကို လက်မှတ်ရေးထိုးသည့် အခမ်းအနားသို့ နှစ်နိုင်ငံခေါင်းဆောင်များ တက်ရောက်ခဲ့ကြသည်။

ရာဇဝတ်ပြစ်မှုဆိုင်ရာ ကိစ္စရပ်များတွင် တရားဥပဒေအကူအညီ အပြန်အလှန်ပေးအပ်ရေး စာချုပ်နှင့် သိပ္ပံနှင့်နည်းပညာသုတေသနလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်တို့ကို နှစ်နိုင်ငံတာဝန်ရှိသူများ လက်မှတ်ရေးထိုးခဲ့ကြသည်။ **အင်တာနက်။**

■ ■ ■ ■ ■

# အက်ကြောင်းများကြောင့် ပနားမားတူးမြောင်းဖြတ် တံတားဝင်ပေါက် ခေတ္တပိတ်

**ပနားမား ဒီဇင်ဘာ ၁၁**

ပနားမားတူးမြောင်းကို ဖြတ်သန်းသည့် စန်တင်နီယယ်လ် တံတားနံရံတွင် အက်ကြောင်းများပေါ်လာသောကြောင့် သင်္ဘောဝင်ထွက်ရာ ဝင်ပေါက်တစ်ပေါက်ကို ယာယီပိတ်ထားခဲ့ရကြောင်း ဒီဇင်ဘာ ၁၀ ရက် သတင်းများတွင် ဖော်ပြသည်။

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ၁၀၅၇ မီတာရှည်လျားသော အဆိုပါတံတား၏ စကြံတွင် အက်ကြောင်းများပေါ်လာပြီးနောက် သင်္ဘောဝင်ပေါက်ကို ပိတ်ဆို့ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း ပနားမားအစိုးရတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ပနားမားအာဏာပိုင်များက အဆိုပါ တံတား၏ အခြေအနေကို ဒီဇင်ဘာ ၇ ရက်နေ့ကစ၍ စောင့်ကြည့်နေခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။ **ဆင်ဟွာ။**



ဂျော်ဒန်နိုင်ငံ အမ္မန်မြို့တော် အမ္မန်အားကစားကွင်း၌ ဘောလုံးအသင်းနှစ်သင်း ပရိသတ်အကြား ခိုက်ရန်ဖြစ်ပွားနေသည်ကို ဒီဇင်ဘာ ၁၀ ရက်က တွေ့ရစဉ်။

# ပြိုင်ဘက်ဘောလုံးအသင်းနှစ်သင်း ပရိသတ်များအကြား ရန်ပွဲဖြစ်ပွား၍ ဂျော်ဒန်တွင် လူ ၂၅၀ ဒဏ်ရာရ

**အမ္မန် ဒီဇင်ဘာ ၁၁ -** ကာလရှည် ပြိုင်ဘက်များဖြစ်သော ဂျော်ဒန်ပြည်တွင်း ဘောလုံးအသင်းနှစ်သင်းကို အားပေးသူပရိသတ်များအကြား ဒီဇင်ဘာ ၁၀ ရက်က ခိုက်ရန်ဖြစ်ပွားခဲ့ရာ လူ ၂၅၀ ဒဏ်ရာရခဲ့ကြောင်း ယနေ့သတင်းများတွင် ဖော်ပြသည်။

ဂျော်ဒန်နွယ်ဖွား ဘီဒိုးအင်း အာရပ်လူမျိုးစုများအားပေးသော ဖိုင်ဆာလီဘောလုံးအသင်းနှင့် ဂျော်ဒန်နိုင်ငံရောက် ပါလက်စတိုင်းဒေသသားများ အားပေးသော ဝါဒက်ဘောလုံးအသင်းတို့ယှဉ်ပြိုင်ကစားစဉ် နှစ်ဖက်ပရိသတ်များ ခိုက်ရန်ဖြစ်ပွားခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ဂျော်ဒန်နိုင်ငံ အမ္မန်မြို့တော် အမ္မန်အားကစားကွင်း၌ ဖိုင်ဆာလီဘောလုံးအသင်းနှင့် ဝါဒက်ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားစဉ် နှစ်ဖက်ပရိသတ်များအကြား ကာဆီးထားသော စည်းရိုးပြိုကျရာမှအစပြု၍ လူ အုံနှင့်ကျင်းနှင့် ပါဝင်သော ရန်ပွဲစတင်ခဲ့ခြင်း ဖြစ်ကြောင်း ဂျော်ဒန်ရဲတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ဂျော်ဒန်နိုင်ငံသား ဘီဒိုးအင်းအာရပ်မျိုးနွယ်စုများအားပေးသော ဘီဒိုးအင်းကစားသမားအများစုပါဝင်သည့် ဖိုင်ဆာလီဘောလုံးအသင်းနှင့် ဂျော်ဒန်နိုင်ငံရောက် ပါလက်စတိုင်းသားများ အားပေးသော ပါလက်စတိုင်းကစားသမား အများစုပါဝင်သည့် ဝါဒက်ဘောလုံးအသင်းတို့ကြားတွင် နှစ်ပရိစ္ဆေဒရှည်ကြာလှပြီဖြစ်သော မသင့်မြတ်မှုများရှိနေသည်။

ဘောလုံးအသင်းနှစ်သင်း၏ ပရိသတ်များအကြားရန်ပွဲသည် ဂျော်ဒန်ဇာတိ ဘီဒိုးအင်းလူမျိုးစုများအကြားနှင့် ၁၉၄၈ ခုနှစ်တွင် အစ္စရေးနိုင်ငံပေါ်ပေါက်လာမှုကြောင့် ဂျော်ဒန်နိုင်ငံအတွင်း ရောက်ရှိလာသော ပါလက်စတိုင်း ဒုက္ခသည် ၁ ဒသမ ၈ သန်းအပါအဝင်ဖြစ်သည့် ပါလက်စတိုင်းများအကြား စိတ်ဝမ်းကွဲပြားမှုကို ဖော်ပြနေသည်။ **အေပီ။**

# ရေနံထုတ်လုပ်မှုပမာဏ ပြောင်းလဲမှုမရှိဟု အိုပက်ဝန်ကြီးများ ပြောကြား

**ကွိတို(အီကွေဒေါ) ဒီဇင်ဘာ ၁၁**

လက်ရှိ ကမ္ဘာ့စီးပွားရေးအခြေအနေသည် နာလန်ထနှေးကွေးနေသော်လည်း ရည်ရွယ်ထားသော ရေနံထုတ်လုပ်မှုပမာဏကို ပြောင်းလဲရန်အစီအစဉ်မရှိကြောင်း စနေနေ့တွင် ကျင်းပမည့် ရေနံတင်ပို့သူနိုင်ငံများအသင်း(အိုပက်) အစည်းအဝေးမတိုင်မီ အိုပက်အဖွဲ့ဝင်နိုင်ငံများမှ ရေနံစွမ်းအင်ဆိုင်ရာဝန်ကြီးများက ပြောကြားသည်။

သို့ရာတွင် ကမ္ဘာ့ရေနံလိုအပ်ချက်သည် ဆက်လက်တိုးမြင့်နေမည်ဟု အိုပက်အဖွဲ့ဝင်နိုင်ငံများက မျှော်လင့်ထားသည်ဟု ဆိုသည်။

အိုပက်အဖွဲ့တွင် အဖွဲ့ဝင်နိုင်ငံပေါင်း ၁၂ နိုင်ငံရှိခဲ့သော်လည်း ယခုအီကွေဒေါနိုင်ငံ ကွိတိုမြို့၌ ကျင်းပမည့် အိုပက်အဖွဲ့အစည်းအဝေးသို့ အဖွဲ့ဝင်လေးနိုင်ငံဖြစ်သော အီရတ်၊ ကူဝိတ်၊ ကာတာနှင့် နိုင်ဂျီးရီးယားနိုင်ငံတို့က တက်ရောက်ခြင်းမရှိပေ။

ကမ္ဘာ့ရေနံထုတ်လုပ်မှု၏ ၃၅ ရာခိုင်နှုန်းကို ရယူထားသော အိုပက်အဖွဲ့သည် ၂၀၀၈ ခုနှစ်မှစတင်၍ ၎င်းရည်မှန်းသတ်မှတ်ထားသော ရေနံထုတ်လုပ်မှုပမာဏကို လျှော့ချခဲ့ခြင်းမရှိပေ။

လာမည့်နှစ်၌ မြောက်အမေရိကတိုက်နှင့် တရုတ်နိုင်ငံကဲ့သို့သော အာရှအင်အားကြီးနိုင်ငံများ၌ ရေနံစွမ်းအင်သုံးစွဲမှုသည် မျှော်လင့်ထားသည်ထက် ပိုမိုမြင့်မားလာဖွယ်ရာရှိကြောင်း နိုင်ငံတကာစွမ်းအင်အေဂျင်စီ(အိုင်အီးအေ)က ပြောကြားသည်။ **အေပီ။**

# စိန့်ပီတာစဘတ် ဂီတပွဲတော်၌ ရုရှားဝန်ကြီးချုပ် အမေရိကန်ဂျပ်ဇ်သီချင်းကိုသီဆို

**မော်စကို ဒီဇင်ဘာ ၁၁**

ရုရှားဝန်ကြီးချုပ် ဗလာဒီမာပူတင်သည် စိန့်ပီတာစဘတ်မြို့၌ ကျင်းပသော ကုသိုလ်ဖြစ်တေးဂီတပွဲတော်တစ်ရပ်တွင် အမေရိကန်ဂျပ်ဇ်ဂီတသမား လူးဝစ်အမ်စထရောင်း၏ တေးသီချင်းမှသည် ရုရှားသူလျှိုများနှင့် အာကာသယာဉ်မှူးများအကြိုက် တေးသီချင်းတို့ကို ၎င်းကိုယ်တိုင် စန္ဒရားတီးခတ်၍ ဖျော်ဖြေခဲ့ကြောင်း ယနေ့သတင်းများတွင်ဖော်ပြသည်။

ဒီဇင်ဘာ ၁၀ရက်တွင်ကျင်းပသော အဆိုပါဂီတပွဲတော်သို့ ရှယ်ရွန်စတုန်း၊ မိုနီကာဘယ်လ်လက်စီစသော ကမ္ဘာကျော် အနုပညာရှင်များလည်း ခန်းလုံးပြည့် တက်ရောက်ခဲ့ကြသည်ဟုဆိုသည်။

ဗလာဒီမာပူတင်သည် အမေရိကန်ဂျပ်ဇ်ဂီတပညာရှင် လူးဝစ်အမ်စထရောင်း၏ ဘလူးဘယ်ရီသီချင်းကို ဂျပ်ဇ်ဂီတဝိုင်းတစ်ဝိုင်းနှင့် တွဲဖက်သီဆို၍ ပရိသတ်များသြဘာသံကို ရယူခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

စနေနေ့နံနက်ပိုင်းတွင် အပြီးသတ်ခဲ့သော အဆိုပါဂီတပွဲတော်၏ ပွဲသိမ်းသီချင်းအဖြစ် ဝန်ကြီးချုပ်ပူတင်နှင့် တက်ရောက်လာသော ဧည့်သည်များသည် ဘိုင်ကိုနော အာကာသစခန်းမှ အာကာသယာဉ်များ ပစ်လွှတ်ခြင်းမရှိမီ သီဆိုတီးမှုတ်လေ့ရှိသော ရုရှားအာကာသယာဉ်မှူးများအကြိုက် ရုရှားတေးသီချင်းတစ်ပုဒ်ကို ပူးပေါင်းသီဆိုခဲ့ကြသည်။

ရုရှားဝန်ကြီးချုပ် ပူတင်သည် ဇူလိုင်လအတွင်းကလည်း အမေရိကန်ပြည်ထောင်စုက ပြည်နှင်ဒဏ်ပေးခဲ့သော ရုရှားသူလျှို ၁၀ ဦးတို့နှင့်အတူ ဆိုဗီယက်ခေတ်သီချင်းတစ်ပုဒ်ဖြစ်သော "အမိနိုင်ငံဘယ်ကစ"ဟူသော သီချင်းကို ဟစ်ကြွေးသီဆိုခဲ့ဖူးသည်။ **အေအက်ဖ်ပီ။**



စိန့်ပီတာစဘတ် ဂီတပွဲတော်၌ ဖျော်ဖြေနေသော ဝန်ကြီးချုပ် ပူတင်။



ဆိုမာလီအစိုးရ တပ်ဖွဲ့များနှင့် အယ်လ်ရှာဘတ်အုပ်စုများ တိုက်ပွဲဖြစ်ပွားနေသည်ကို ဒီဇင်ဘာ ၁၀ ရက်က တွေ့ရစဉ်။

# ဆိုမာလီတွင် တိုက်ပွဲဖြစ်ပွား၊ အရပ်သား ၁၅ ဦးသေဆုံး

မိုဂါဒစ်ရှူး ဒီဇင်ဘာ ၁၁

**ဆိုမာလီနိုင်ငံတွင် အစိုးရတပ်ဖွဲ့များနှင့် အယ်လ်ရှာဘတ်တိုက်ခိုက်ရေးသမားများအကြား တိုက်ပွဲများဖြစ်ပွားရာ အနည်းဆုံးအရပ်သား ၁၅ ဦးသေဆုံးကြောင်း ယနေ့အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြသည်။**

မြို့တော်မိုဂါဒစ်ရှူးတွင် သောကြာနေ့နှောင်းပိုင်း၌ အစိုးရတပ်ဖွဲ့များနှင့် အယ်လ်ရှာဘတ်အုပ်စုအကြား လက်နက်ကြီးများ၊ လက်နက်ငယ်များဖြင့် အပြန်အလှန်ပစ်ခတ်ခဲ့သည်။ မြို့တော်မြောက်ပိုင်းရှိ ရပ်ကွက်များအထိ တိုက်ပွဲ ပျံ့နှံ့လာရာ အနည်းဆုံး ၁၀ ဦးသေဆုံး၍ အများအပြားဒဏ်ရာရရှိခဲ့ကြကြောင်း သတင်းတွင်ဖော်ပြသည်။

မျက်မြင်သက်သေများ၏အဆိုအရ အစိုးရတပ်ဖွဲ့၏ စစ်စခန်းကို အယ်လ်ရှာဘတ် တိုက်ခိုက်ရေးသမားများ ဝင်ရောက်တိုက်ခိုက်သဖြင့် ဆိုမာလီအစိုးရတပ်ဖွဲ့များက လက်နက်ကြီးများသုံးကာ မရပ်မနား ပစ်ခတ်လက်တုံ့ပြန်ခြင်း ဖြစ်သည်။

အဆိုပါတိုက်ပွဲအတွင်း အနည်းဆုံးအရပ်သား ၁၀ ဦး သေဆုံးကြောင်း ဆေးရုံတာဝန်ရှိသူများက ပြောသည်။ သို့ရာတွင် အခြားသတင်းအရင်းအမြစ်တစ်ရပ်က သေဆုံးသူများတွင် အစိုးရတပ်ဖွဲ့ဝင်များ ပါဝင်သည်ဟု ဆိုသည်။

တိုက်ပွဲဖြစ်ချိန်နှင့်တစ်ပြိုင်တည်း မြို့တော်၏အနောက်တောင်ဘက်ကီလိုမီတာ ၁၁၀ အကွာ ဘူအာဟာကာဘာခရိုင်တွင် အယ်လ်ရှာဘတ်နှင့် ဟစ်ဘူးလ်အစ္စလာမ်တိုက်ခိုက်ရေးသမားများအကြား တိုက်ပွဲဖြစ်ပွားရာ တိုက်ခိုက်ရေးသမားငါးဦးသေဆုံးသည်ဟု ဆိုသည်။ **အင်တာနက်။**

# အက်ဖ်-၁၆ တိုက်လေယဉ်ခြောက်စင်း ပါကစ္စတန်လေတပ်လက်ခံရရှိမည်

**အစ္စလမ္မာဘတ် ဒီဇင်ဘာ ၁၁**

ပါကစ္စတန်နိုင်ငံက မှာယူထားသော အက်ဖ်-၁၆ ဂျက်တိုက်လေယာဉ် ခြောက်စင်းသည် ဒီဇင်ဘာ ၁၃ ရက်တွင် ယင်းနိုင်ငံသို့ဆိုက်ရောက်လာမည်ဖြစ်ကြောင်း၊ တိုက်လေယာဉ်သစ်များကို လက်ခံရရှိခြင်းဖြင့် ပါကစ္စတန်လေတပ်တွင် အက်ဖ်-၁၆ဂျက်တိုက်လေယာဉ် ၁၈ စင်းအထိ ရှိလာမည်ဖြစ်ကြောင်း သတင်းများတွင် ဖော်ပြသည်။

အမေရိကန်နိုင်ငံမှ မှာယူထားသော အက်ဖ်-၁၆ ဂျက်တိုက်လေယာဉ်များအားလုံးကို ဂျာကိုဘာဘာဘက်မြို့ရှိ ရှာဘက် လေတပ်အခြေစိုက်၌ ထားရှိမည်ဖြစ်ကြောင်း ပါကစ္စတန်လေတပ်သတင်းရပ်ကွက်ကပြောကြားသည်။

ပါကစ္စတန်လေတပ်သည် အက်ဖ်-၁၆ ဂျက်တိုက်လေယာဉ်များကို အသုံးပြုခြင်းဖြင့် စစ်ရေးစွမ်းပကားကို မြှင့်တင်နိုင်မည်ဖြစ်ကြောင်း လေတပ်တာဝန်ရှိသူများက ပြောကြားသည်။ ပါကစ္စတန်နိုင်ငံသည် ၂၀၀၅-၂၀၀၆ ခုနှစ်က အက်ဖ်-၁၆ တိုက်လေယာဉ် ၁၈စင်းဝယ်ယူရေးဆိုင်ရာ ကန်ထရိုက်စာချုပ်တစ်ရပ်ကို အမေရိကန်အစိုးရနှင့် လက်မှတ်ရေးထိုးခဲ့သည်။ **အင်တာနက်။**

**နိုင်ငံတကာသတင်းများ**

# အနာဂတ်ကာလ၌ တစ်ခုတည်းသော ငွေကြေးစနစ် အရှေ့တောင်အာရှနိုင်ငံများ အသုံးပြုလာဖွယ်

**ဂျကာတာ ဒီဇင်ဘာ ၁၁**

အရှေ့တောင်အာရှနိုင်ငံများအတွင်း စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်ရေးအတွက် ဒေသတွင်း၌ တစ်ခုတည်းသောငွေကြေးသုံးစွဲရေး အယူအဆကို ဒေသဆိုင်ရာ ဗဟိုဘဏ်အကြီးအကဲများ စဉ်းစားလျက်ရှိကြကြောင်း တာဝန်ရှိသူ တစ်ဦးက ဒီဇင်ဘာ ၁၁ ရက်တွင် ပြောကြားသည်။

အရှေ့တောင်အာရှ ဗဟိုဘဏ်အကြီးအကဲများ၏ နှီးနှောဖလှယ်ပွဲသို့ တက်ရောက်နေသူ အင်ဒိုနီးရှားဗဟိုဘဏ် ဒုတိယ အုပ်ချုပ်ရေးမှူး ဟာလင်အလမ်ဆီယာက အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

အရှေ့တောင်အာရှနိုင်ငံများသည် တစ်ခုတည်းသော ငွေကြေးကို အသုံးပြုခြင်းဖြင့် ငွေကြေးဖလှယ်ရေးဆိုင်ရာ ပြဿနာကို ဖြေရှင်းနိုင်မည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

သို့ရာတွင် အရှေ့တောင်အာရှဒေသ၌ တစ်ခုတည်းသော ငွေကြေးကို အသုံးပြုလာရန် အချိန်အတန်ကြာမျှ လုပ်ဆောင်ရမည်ဖြစ်ကြောင်း ၂၀၁၅ ခုနှစ်ထက်နောက်မကျဘဲ အရှေ့တောင်အာရှဘုံဈေးကွက်ကို အောင်မြင်စွာ ထူထောင်နိုင်မည်ဆိုပါက တစ်ခုတည်းသောငွေကြေးအသုံးပြုမှု ဖြစ်ပေါ်လာနိုင်ကြောင်း ၎င်းက ပြောကြားသည်။

အရှေ့တောင်အာရှဒေသတွင် တစ်ခုတည်းသောငွေကြေးကို သုံးစွဲလာနိုင်ခြင်းမရှိမီ ကြိုတင်စည်းကမ်းသတ်မှတ်ချက်အများအပြားရှိလိမ့်မည်ဖြစ်ကြောင်း အရှေ့တောင်အာရှ ဗဟိုဘဏ်များ ဗဟိုဌာန အမှုဆောင်ဒါရိုက်တာ ကာရွန်နာဆီနာက ပြောကြားသည်။

**အင်တာနက်။**



အပက်ဇင်ဂန်မြို့ ဆင်ခြေဖုံးဒေသတွင် မူးယစ်ဂိုဏ်းများအကြား ပဋိပက္ခကြောင့် မီးလောင်ကျွမ်းနေသော ယာဉ်တစ်စီး။

# မက္ကဆီကို နာမည်ကျော် မူးယစ်ဂိုဏ်းခေါင်းဆောင် အသတ်ခံရ

မက္ကဆီကို ဒီဇင်ဘာ ၁၁

**မက္ကဆီကိုနိုင်ငံ၏ နာမည်ကျော် မူးယစ်ဂိုဏ်းခေါင်းဆောင် နာဇာရီယို မော်ရီနိုဂွန်ဇာလက်သည် မီချိုအာကန်ပြည်နယ် အပက်ဇင်ဂန်မြို့၌ ဒီဇင်ဘာ ၁၀ ရက်က အသတ်ခံခဲ့ရကြောင်း ယနေ့သတင်းများတွင် ဖော်ပြသည်။**

အပက်ဇင်ဂန်မြို့၌ ဒီဇင်ဘာ ၈ ရက်မှစ၍ မူးယစ်ဂိုဏ်းများအကြား ပဋိပက္ခဖြစ်ပွားခဲ့ရာ ရှစ်လအရွယ် ကလေးတစ်ဦးအပါအဝင် အနည်းဆုံး ငါးဦး သေဆုံးခဲ့ပြီးဖြစ်ပြီး သွေးချင်းညီနောင်ဂိုဏ်း (La familia) အဓိကခေါင်းဆောင်အချို့ကို မက္ကဆီကို အာဏာပိုင်များက ဖမ်းဆီးထိန်းသိမ်းခဲ့ရကြောင်း သတင်းတွင် ဖော်ပြသည်။

သွေးချင်းညီနောင်ဂိုဏ်းသည် မက္ကဆီကိုနိုင်ငံ၏ ဩဇာအာဏာရှိသော မူးယစ်ဂိုဏ်းများထဲတွင် ပါဝင်ပြီး အမေရိကန်ပြည်ထောင်စုအတွင်းသို့ ကိုကင်းနှင့် မီသာအမ်ဖတ်တမင်း မူးယစ်ဆေးများ မှောင်ခိုပို့ဆောင်ရာတွင် ပါဝင်ပတ်သက်မှုရှိသည်။ သေဆုံးသူ ဂွန်ဇာလက်သည် သွေးချင်းညီနောင်ဂိုဏ်း၏ ဘာသာရေးခေါင်းဆောင်တစ်ဦးအဖြစ် သတ်မှတ်ခံရသူဖြစ်သည်။ ၎င်းသည် မူးယစ်ဂိုဏ်းသားအသစ်များကို လေ့ကျင့်ပေးရာတွင် အသုံးပြုရန်အတွက် ဂိုဏ်းလက်စွဲဘာသာရေးကျမ်းစာတစ်စောင်ကို ရေးသားပြုစုခဲ့သူဖြစ်သည်။ သွေးချင်းညီနောင်ဂိုဏ်းသည် မက္ကဆီကိုနိုင်ငံအတွင်းရှိ မှောင်ခိုလမ်းကြောင်းများ ထိန်းချုပ်နိုင်ရေးအတွက် အခြားမူးယစ်ဂိုဏ်းများနှင့် တိုက်ပွဲများဆင်နွှဲခဲ့သည်။

**အင်တာနက်။**

# ကာဗွန်ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချရေး နိုင်ငံတကာ ရန်ပုံငွေတစ်ရပ်ထူထောင်မည်

ကန်ကွန်း(မက္ကဆီကို) ဒီဇင်ဘာ ၁၁

**စက်မှုလုပ်ငန်းများမှ ကာဗွန်ဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့ချနိုင်ရေးကို ဦးတည်သည့် အစီအစဉ်တစ်ရပ်အရ ဆင်းရဲသောနိုင်ငံများထံသို့ ငွေကြေးအထောက်အပံ့ပေးနိုင်ရန် နိုင်ငံတကာရန်ပုံငွေတစ်ရပ် ထူထောင်မည်ဖြစ်ကြောင်း ယနေ့သတင်းတွင်ဖော်ပြသည်။**

မက္ကဆီကိုနိုင်ငံ ကန်ကွန်းမြို့၌ ကျင်းပသော ရာသီဥတု ပြောင်းလဲခြင်းဆိုင်ရာ ကုလသမဂ္ဂညီလာခံတွင် ရက်သတ္တနှစ်ပတ်ကြာ ဆွေးနွေးခဲ့ကြပြီးနောက် အဆိုပါရန်ပုံငွေထူထောင်ရန် သဘောတူညီခဲ့ကြခြင်းဖြစ်သည်။

ရာသီဥတု ပြောင်းလဲခြင်းဆိုင်ရာ ကုလသမဂ္ဂညီလာခံတွင် ကျိုတိုသဘောတူညီချက်အား သက်တမ်းတိုးချဲ့ရေးကိစ္စကို အကြိတ်အနယ်ဆွေးနွေးခဲ့ကြသည်။ ကျိုတိုသဘောတူညီချက်သည် လာမည့်နှစ်နှစ်အတွင်း သက်တမ်းကုန်ဆုံးတော့မည်ဖြစ်သည်။

ကမ္ဘာ့ရာသီဥတုပြောင်းလဲလာသည့် ပြဿနာကို ထိရောက်စွာ ကိုင်တွယ်ဖြေရှင်းနိုင်ရန် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု ခေတ်သစ်တစ်ရပ်စတင်ပြီဖြစ်ကြောင်း အဆိုပါ ညီလာခံတွင် မက္ကဆီကိုနိုင်ငံခြားရေးအတွင်းဝန် ပက်ထရစ်စီယာ အက်စ်ပီနိုဆာက ပြောကြားသည်။

ရာသီဥတုဆိုင်ရာ ရန်ပုံငွေဟု အမည်ပေးထားသော ရန်ပုံငွေစာရင်းမှ ဆင်းရဲသောနိုင်ငံများထံသို့ အကူအညီပေးမည်ဖြစ်သည်။

အဆိုပါရန်ပုံငွေကို ဖွံ့ဖြိုးပြီးနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများမှ ရွေးချယ်မည့် အဖွဲ့ဝင် ၂၄ ဦးပါဘုတ်အဖွဲ့တစ်ဖွဲ့က စီမံခန့်ခွဲပေးမည်ဖြစ်သည်။ ရာသီဥတုဆိုင်ရာ ရန်ပုံငွေအဖြစ် ၂၀၂၀ ခုနှစ်အထိ ဆင်းရဲသော နိုင်ငံများအတွက် တစ်နှစ်လျှင် ဒေါ်လာ ဘီလီယံ ၁၀၀ ထောက်ပံ့ပေးရန် ဥရောပသမဂ္ဂ၊ ဂျပန်နှင့် အမေရိကန်နိုင်ငံတို့က ကတိပြုခဲ့ကြသည်။

**အင်တာနက်။**

## နေတိုး၏ လေကြောင်းထိုးစစ်ကြောင့် အာဖဂန်အရပ်သားများသေဆုံး

**ကဘူး ဒီဇင်ဘာ ၁၁** - အာဖဂန်နစ္စတန်နိုင်ငံ ပတ်တီယာပြည်နယ်၌ အမေရိကန်ဦးဆောင်သော မဟာမိတ်တပ်ဖွဲ့၏ လေကြောင်းထိုးစစ်ကြောင့် အာဖဂန်အရပ်သား အနည်းဆုံး ခုနစ်ဦးသေဆုံးခဲ့ကြောင်း ယနေ့သတင်းများတွင် ဖော်ပြသည်။

ပတ်တီယာပြည်နယ် ဇာပက်ခရိုင်ရှိ လမ်းဖောက်လုပ်ရေးလုပ်ငန်းခွင်တစ်ခု၌ စနေနေ့က အာဖဂန်အလုပ်သမားများ အလုပ်လုပ်စဉ်အတွင်း လေကြောင်းတိုက်ခိုက်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။

တိုက်ခိုက်မှုဖြစ်ပွားရာနေရာသို့ ရောက်ရှိလာကြသော အာဖဂန်ဒေသခံများသည် လေကြောင်းထိုးစစ်ကြောင့် အရပ်သားများ သေဆုံးရမှုအပေါ် အမျက်ဒေါသထွက်လျက်ရှိကြောင်း သတင်းများတွင် ဖော်ပြသည်။ အာဖဂန်နစ္စတန်နိုင်ငံအတွင်း ပြုလုပ်ခဲ့သော လေကြောင်းထိုးစစ်များသည် အောက်တိုဘာ တစ်လတည်းပင် အကြိမ် ၁၀၀၀ ရှိခဲ့ကြောင်း အမေရိကန်လေတပ်ကထုတ်ပြန်သော စာရင်း ဇယားများတွင် ဖော်ပြထားသည်။

**အင်တာနက်။**




# ၂၀၁၀ခုနှစ် ဒီဇင်ဘာ လူထုအားကစားလအထိမ်းအမှတ် နေပြည်တော်၌ စုပေါင်းလမ်းလျှောက်ပွဲ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၁**

၂၀၁၀ ခုနှစ် ဒီဇင်ဘာ ဒုတိယပတ် လူထုစုပေါင်းလမ်းလျှောက်ပွဲကို ယနေ့နံနက် ၆ နာရီတွင် နေပြည်တော် မြို့မဈေးရှေ့စုရပ်၌ စတင်တာထွက်ကျင်းပရာ အားကစားဝန်ကြီးဌာနနှင့် ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ အရာထမ်း၊ အမှုထမ်းများ၊ ဝန်ထမ်းမိသားစုများ၊ ကျန်းမာရေး လေ့လာလိုက်စားကြသူ ပြည်သူလူထုများ စုစုပေါင်းအင်အား ၈၇၀၀ ကျော်တို့သည် တောင်ညို-ပျဉ်းမနားလမ်းအတိုင်း သပြေကုန်းအဝိုင်းသို့လည်းကောင်း၊ သပြေကုန်းအဝိုင်းမှတစ်ဆင့် ရာဇသင်္ဂဟလမ်းအတိုင်း စုပေါင်းလမ်းလျှောက်ကြပြီး ကျောက်မျက်ရတနာပြတိုက်ရှေ့၌ ပန်းဝင်ကြသည်။

ယင်းနောက် လမ်းလျှောက်ပွဲ ပါဝင်ဆင်နွှဲကြသူများသည် ကျောက်မျက်ရတနာပြတိုက်ရှေ့၌ စုပေါင်း ကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းများကို တပျော်တပါး လေ့ကျင့်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

လမ်းလျှောက်ပွဲ ဆင်နွှဲကြသူများအား တံ့ဂပူရီ ဟိုတယ်မှ စမူဆာများ၊ ရေသန့်များဖြင့် ကျွေးမွေးဧည့်ခံကြသည်။ အလားတူ ယနေ့နံနက်ပိုင်းတွင် ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးရှိ မြို့နယ်များ၌လည်း လူထုလမ်းလျှောက်ပွဲများကို ကျင်းပလျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီးရှိ ကျိုက္ကဆံကွင်းစုရပ်၊ အောင်ဆန်းအားကစားပြိုင်ကွင်းစုရပ်နှင့် လူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ) စုရပ်တို့၌ စုစုပေါင်းအင်အား ၃၀၀၇၄ ဦးတို့ ပါဝင်ဆင်နွှဲကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**၂၀၁၀ ခုနှစ် ဒီဇင်ဘာ ဒုတိယပတ် လူထုစုပေါင်း လမ်းလျှောက်ပွဲတွင် အားကစားဝန်ကြီးဌာနနှင့် ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ အရာထမ်း၊ အမှုထမ်းများ၊ ဝန်ထမ်းမိသားစုများ၊ ကျန်းမာရေး လေ့လာလိုက်စားကြသူ ပြည်သူလူထုများ စုပေါင်းပါဝင်ဆင်နွှဲကြစဉ်။**
(သတင်းစဉ်)

# မိုးရာသီ ဘဏ်ချေးငွေ ပြန်လည်ကောက်ခံရေး စည်းဝေး

**မန္တလေး ဒီဇင်ဘာ ၁၁**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ မြို့နယ်ဘဏ်ခွဲ ၃၁ ခုမှ တောင်သူလယ်သမားများသို့ ထုတ်ချေးခဲ့သော ၂၀၁၀ ခုနှစ် မိုးရာသီ ဘဏ်ချေးငွေကျပ် ၂၀၄၅၀ ဒသမ ၅၉ သန်းကို အပြည့်အဝ ပြန်လည်ကောက်ခံရရှိရေးအတွက် မှာကြားခြင်းအခမ်းအနားကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းဟန် တက်ရောက်၍ ဆွေးနွေးမှာကြားကြောင်း သိရသည်။ **(ယာပုံ)** (၄၆၉)



## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၁၂-၁၂-၂၀၁၀ (တနင်္ဂနွေနေ့)**

**နံနက်ပိုင်း**

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၁၅ ၂။ အင်္ဂဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
- ၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၆။ "သက်ရှည်ကျန်းမာလေ့ကျင့်ပါ"
- ၈:၁၀ ၇။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
- ၈:၂၅ ၈။ တေးဂီတအစီအစဉ်
- ၈:၄၀ ၉။ International News
- ၈:၄၅ ၁၀။ အဆိုပြိုင်ပွဲ
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

**နေ့လယ်ပိုင်း**

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁:၂၀ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
- ၁၁:၃၀ ၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မပြယ်သောချစ်ခြင်း မနွမ်းသောမေတ္တာ" (အပိုင်း-၆၈) (ဇာတ်သိမ်းပိုင်း)**
- ၁၂:၃၀ ၅။ Golf Magazine (TV)
- ၁၂:၅၀ ၆။ **မြန်မာရုပ်ရှင် "လွမ်းလို့ကျန်ရစ်မှာကို အားနာပါတယ်လေ" (ရဲအောင်၊ မို့မို့မြင့်အောင်၊ စိုးမြတ်သူဇာ) (ဒါရိုက်တာ-အောင်မြင့်မြတ်)**
- ၂:၄၀ ၇။ "ခေတ်မီစက်မှုနိုင်ငံသစ်ဆီသို့ မျှော်မှန်းရည်နည်းပညာတက္ကသိုလ် (ရတနာပုံဆိုင်ဘာစီးတီး)" (အပိုင်း-၂)
- ၂:၅၅ ၈။ International News
- ၃:၀၀ ၉။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ တေးဂီတအစီအစဉ်
- ၄:၂၅ ၃။ အကပြိုင်ပွဲ
- ၄:၃၀ ၄။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၄:၃၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -ဒုတိယနှစ် (စီးပွားရေးပညာ၊ ပြည်သူ့ရေးရာ၊ အိမ်တွင်း စီးပွားအထူးပြုများ) (စီးပွားရေးပညာ)
- ၄:၄၅ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၅၀ ၇။ "မီးမီးရဲ့ဆုံးဖြတ်ချက်"
- ၅:၀၅ ၈။ "သံမဏိစိတ်ဓာတ်ဖြင့် ဘဝကိုရဲရဲဝံ့ဝံ့ရင်ဆိုင်ကြသူများ" (အပိုင်း-၂)
- ၅:၂၅ ၉။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၆:၀၀ ၁၀။ ညနေခင်းသတင်း
- ၆:၁၅ ၁၁။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၂။ **ကာတွန်းအစီအစဉ် "ကွမ်တမ်မင်း" (အပိုင်း-၁)**
- ၆:၄၀ ၁၃။ တစ်မျက်နှာတစ်ကွက်စာ "ကိုယ့်ဘဝနဲ့ကိုယ့်အကြောင်း" (ခင်မို့မို့အေး၊ သက်ဦးကို၊ ဟိန်းဇေ၊ ဟန်လေး၊ ဆုဝတီ) [ဒါရိုက်တာ-တင်မောင်အေး (တစ်ပါးသီလ)]
- ၇:၀၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "စမ်းရေပမာ" (အပိုင်း-၅)**
- ၈:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ **ကာတွန်းအစီအစဉ် "တောကောင်ငယ် သိုင်းညီနောင်လေးများ" (အပိုင်း-၈၂)**
- ၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ဘဝမိုးတိမ်" (အပိုင်း-၁၈)**
- ၂၀။ အစီအစဉ်ပြီး၏။

# သာစွဌာနီ ကေတုမတီ

## ခိုင်သစ္စာ (စိတ်ပညာ)

မြန်မာလူမျိုးတို့သည် သမိုင်းတစ်လျှောက် **"ကိုယ့်ထီး၊ ကိုယ့်နန်း၊ ကိုယ့်ကြငှန်း"**နှင့် ကိုယ့်လူမျိုး၊ ကိုယ့်ဘာသာ၊ ကိုယ့်စကား၊ ကိုယ့်စာပေ၊ ကိုယ့်ယဉ်ကျေးမှုများကို ဆက်ခံထိန်းသိမ်းကာ "ဇာတိပုည၊ ဂုဏ်မာန" တင့်တယ်ဝင့်ထည်စွာ နေထိုင်ခဲ့ကြသူများ ဖြစ်ပါသည်။

ထိုသို့နေထိုင်ခဲ့ရာဝယ် မြန်မာနိုင်ငံတွင် တကောင်းခေတ်၊ ပျူခေတ်၊ ပုဂံခေတ်၊ ပင်းယခေတ်၊ အင်းဝခေတ်၊ တောင်ငူခေတ်၊ ညောင်ရမ်းခေတ်၊ ကုန်းဘောင်ခေတ်ဟူ၍ သမိုင်းတွင်ထင်ရှားခဲ့သော ခေတ်ကြီးများရှိခဲ့သည့်အနက် တောင်ငူခေတ်ဟူ၍ မော်ကွန်းတင်ထင်ရှားစေခဲ့သော တောင်ငူ(ကေတုမတီ)မြို့ကို ကောဇာသက္ကရာဇ် ၈၇၂ ခုနှစ် (အေဒီ ၁၅၁၀) တန်ဆောင်မုန်းလပြည့် အင်္ဂါနေ့ နံနက်နှစ်ချက်တီးအချိန်တွင် မင်းကြီးညို ဘုရင်မင်းမြတ်က တည်ထောင်ခဲ့ရာ ယခု ၁၃၇၂ ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့တွင် ကေတုမတီမြို့တည် နန်းတည် နှစ်ငါးရာ ပြည့်ခဲ့လေပြီ။

မင်းကြီးညိုဘုရင်မင်းမြတ်သည် ကေတုမတီ တောင်ငူမြို့တော်ကိုတည်ရာ၌မြေဆီကြွယ်ဝ ရေကြည်မြသည့် ရေမြေသဘာဝကောင်းမွန်လှသော ပေါင်းလောင်းမြစ် (စစ်တောင်းမြစ်) ကမ်းပါးကိုရွေးချယ်ကာ တံခါးပေါက် ၂၀၊ မြို့တော်စေတီလေးဆူ၊ ပြအိုး၊ တန်ဆောင်း ၁၀၉ ခုနှင့် အတွင်းမြို့ရိုး၊ အပြင်မြို့ရိုး၊ အတွင်းကျုံး၊ အပြင်ကျုံးများဖြင့် မြို့ကို အခိုင်အခံ့ တည်ဆောက်၍ ကျွန်းဇမ္ဗူတွင် တံခွန်ထူအောင်လံလွှင့်ကာ ရွှေနန်းပြာသာဒ်တို့ဖြင့် မြို့တော်ကို လှပတင့်တယ် ကျက်သရေကြွယ်စေခဲ့ပါသည်။

လူတို့တွင် မမေ့အပ်သောအရပ်များရှိသည့်အနက် ဇာတိချက်ကြွေမွေးရပ်မြေသည်လည်း မမေ့အပ်သော အရပ်တစ်ခုပင်ဖြစ်ပေသည်။ စာရေးသူအနေဖြင့် မမေ့အပ်သော အရပ်ဆိုသည်ထက် မမေ့နိုင်သော အရပ်သည်ကား မွေးရပ်ဌာနီ ကေတုမတီပင် ဖြစ်ပါတော့သည်။ စာရေးသူ၏ မွေးရပ်ဌာနီ ကေတုမတီသည် နှလုံးရည်လက်ရုံးရည် ပြည့်ဝ၍ ဇာတိသွေးဇာတိမာန်ထက်သန်ကာ ရဲစွမ်းသတ္တိနှင့် ပြည့်စုံသော နေမင်းအလား ဘုန်းကြီးမားသည့် မင်းများဖြစ်သော **"တပင်ရွှေထီးနှင့် ဘုရင့်နောင်မင်းတရား"**တို့ နန်းစိုက်စိုးစံရာမြို့ဖြစ်ပေသည်။ (ကေတုမတီ)တောင်ငူဘုရင် ရွှေနန်းရှင်မင်းတရားဖြစ်သော ဘုရင့်နောင်သည် ဒုတိယမြန်မာနိုင်ငံတော်ကြီးကို တည်ထောင်နိုင်ခဲ့သောကြောင့်လည်း **"တောင်ငူခေတ်"**ဟူ၍ သမိုင်းမော်ကွန်း ကမ္ပည်းထိုးနိုင်ခဲ့လေသည်။ ထို့ကြောင့်ပင် စာရေးသူသာမက တောင်ငူသူ၊ တောင်ငူသားတို့က **"မွေးရပ်ဌာနီ ကေတုမတီ"**အတွက် အမြဲထာဝရ ဂုဏ်ယူလှပါသည်။ ကေတုမတီသည် မြန်မာ့ယဉ်ကျေးမှုစာပေများ ထွန်းကားရာမြို့တော်လည်း ဖြစ်ပါသည်။

ကေတုမတီတောင်ငူရွှေမြို့တော်ကြီးသည် တောင်အထပ်ထပ် မြစ်အသွယ်သွယ်၊ တောအုပ်ညို့မှိုင်း၊ ထာဝရ စိမ်းလန်းစိုပြည် သာယာလှပေသည်။ မိုးကာလတွင် ရန်ကုန်-မန္တလေး ကားလမ်းနံဘေး၊ ရထားလမ်းဘေးတို့၌ မြစိမ်းရောင်လွှမ်းနေသော လယ်ကွင်းစိမ်းစိမ်းများကို မြင်ရသကဲ့သို့ နွေရာသီမှာ ရွှေဝါရောင်စပါးပုံများကို တွေ့နိုင်ပေသည်။ မြေဆီမြေလွှာ သဘာဝရာသီဥတု ကောင်းမွန်မှုကြောင့် **"မြေကြီးက ရွှေသီးသော ကေတုမတီမြို့"** ပင် ဖြစ်ပါသည်။ သာသနာရောင်ဝါလည်း ထွန်းလင်းလှပေသည်။ တောင်ငူမြို့ထဲတွင် ရွှေဆံတော်ဘုရား၊ မြစည်းခုံဘုရား၊ နဂါးရုံဘုရားနှင့် နှစ်ကျိပ်ရှစ်ဆူဘုရားများ ကိန်းဝပ်စံပယ်ရာ သမိုင်းဝင် ကေလဇာတီဘုရားများရှိပေသည်။ မြို့အရှေ့ဘက်တွင် ထင်ရှားကျော်ကြားလှသော သမိုင်းဝင် မြတ်စောညီနောင်ဘုရား၊ မြင်ပုန်းမြင်တင်ဘုရားနှင့် မြို့အနောက်ဘက်တွင် ကောင်းမှုတော်ဘုရားများ အထင်အရှားရှိပေသည်။ ကောင်းမှုတော်ဘုရားတွင် ရှေးဘုရင်မင်းမြတ်တို့ စစ်မထွက်မီ အဓိဋ္ဌာန်နှင့် အောင်မြေနင်းသော **"ဘုရင့်နောင်အောင်မြေ"** ရှိပါသည်။ စာရေးသူတို့အထက်တန်းကျောင်းသားဘဝက စာမေးပွဲမဖြေမီ အမြဲတမ်းအောင်မြေသွားနင်းပြီး ဆုတောင်းခဲ့ကြသည်ကို ယခုတိုင် သတိရနေပါသေးသည်။ တောင်ငူမြို့ရှိဘုရားအသီးသီးသည် နှစ်စဉ် ဗုဒ္ဓပူဇနိယပွဲတော်များဖြင့် စည်ကားလေ့ရှိပါသည်။

စာရေးသူသည် မွေးရပ်ဌာနီ တောင်ငူမြို့ဆီကို သတိရ၊ တမ်းတ၊ လွမ်းရသည့်အခါ ငယ်စဉ်ကာလ ပထမအရွယ် ပညာသင်ကြားခဲ့သည်များကိုလည်း အမြဲထာဝရ သတိရလျက်ရှိပါသည်။ စာရေးသူသူငယ်တန်းမှ ဒသမတန်းအထိ **"အမျိုးသားတန်းမြင့်ကျောင်း"** (နောက်ပိုင်း အမှတ်-၂ အစိုးရအထက်တန်းကျောင်းဟု အမည်ပြောင်းပါသည်) တွင် ပညာသင်ကြားခဲ့ပါသည်။ ထိုကျောင်းသည် တပင်ရွှေထီး နန်းတော်ရာနေရာတွင် တည်ဆောက်ထားသော ကျောင်းဖြစ်ပါသည်။ ကျောင်းအနောက်ဘက်တွင် **"တပင်ရွှေထီးထန်းတော"** ဟုခေါ်သော ထန်းပင်တောများရှိပါသည်။

စာရေးသူ၏ **"မွေးရပ်ဌာနီ တောင်ငူကေတုမတီ"** သည် ရာသီဥတုအနေဖြင့်လည်း အပူအအေးမျှတ၍ သစ်ပင်ပန်းမန်တို့ ဝေဆာပွင့်လန်း အမြင်ဆန်းလှပေသည်။ ရာသီဥတုကောင်းမွန်မှုကြောင့် စိုက်ပျိုးရေးထွက်ကုန် အမျိုးမျိုးဖြင့် အစားအသောက်များလည်း ပေါကြွယ်လှသည်။ တောင်ငူသီးမွှေးငှက်ပျော၊ ရွှေငှက်ပျောနှင့် တောင်ငူကွမ်းသီးတို့မှာ နာမည်ကြီးလှသည်။ ကြက်မောက်သီး၊ လိုင်ချီးနှင့် ဒူးရင်းသီးများလည်း ပေါများလှသည်။ တောင်ငူထွက်ကုန် နာမည်ကြီးသည့်အထဲတွင် တောင်ငူပဲလှော်လည်း အပါအဝင်ဖြစ်ပေသည်။

မုန့်ဖတ်ဖြူဖြူဖွေးဖွေး နန်းသေးသေးနှင့် ဆန်လှော်မှုန့် မွှေးမွှေးထည့်ကာ ဆီချက်၊ ကြက်သွန်ဖြူကြော်မွမွလေး၊ ခရမ်းချဉ်သီး၊ ပဲသီးစိမ်း၊ နံနံပင်နှင့် ငရုတ်သီးမှုန့်စပ်စပ်ဖြင့် သုပ်ထားပြီး ငှက်ပျောအူများများနှင့် ငါးဟင်းရည်ကျဲမှာ အလွန်စားကောင်းသော တောင်ငူမုန့်ဟင်းခါး ဖြစ်ပါသည်။ တို့ဟူးသုပ်၊ လက်သုပ်စုံ၊ မုန့်လက်နှိပ်၊ မုန့်ပျားသလက်၊ မုန့်ဆီကြော်၊ မုန့်လက်ကောက်၊ မုန့်ကျွဲသည်း၊ မုန့်စိမ်းပေါင်း၊ မုန့်ဖက်ထုပ်၊ မုန့်လေပွေ၊ မုန့်လိပ်ပြာ၊ အညာသားကျောကုန်း၊ ထန်းသီးမုန့်၊ မုန့်သိုင်းခြုံစသော မြန်မာမုန့်များ စုံလင်စွာရနိုင်၍ အရသာရှိပြီး စားကောင်းလှပါသည်။ တောင်ငူသူ၊ တောင်ငူသားတို့၏ စိတ်ထားဖြူဖြူ စေတနာကောင်းကောင်းနှင့် ဖော်ရွေစွာ ဧည့်ဝတ်ကျေ ကျွေးမွေးဧည့်ခံသည်ကိုလည်း အလည်ရောက်ဖူးသူတိုင်း သိရှိကာ ခင်မင်သွားလေ့ရှိပါသည်။

မြောက်ပြန်လေအေး တိုက်ခတ်သွေးပြီး ငွေနှင်းမှုန်ဖွေးဖွေးနှင့် ချမ်းအေးလှတဲ့ ဟေမန္တဆောင်းရာသီ နံနက်ခင်းမှာ အချမ်းလုံအောင် မီးလှုံရင်း နတ်ပြည်မွှေး ကောက်ညှင်းပေါင်း ပူပူလေးကို အုန်းသီးထွေးထွေး၊ နှမ်းထောင်းမွှေးမွှေးလေးနှင့် စားရသည်မှာလည်း အရသာထူးကဲလှပါသည်။ ဆောင်းညအခါ မီးလှုံရာဝယ် မီးပုံနံဘေး ထန်းမြစ်ဖုတ်မွှေးမွှေးလေးကို ဆီ၊ ဆားနှင့်တို့၍ စားခဲ့ရသော အရသာကိုလည်း စာရေးသူ မမေ့နိုင်ဖြစ်ရပါသည်။

တောင်ငူမြို့တွင်းတွင် အပန်းဖြေစရာ လေးကျွန်းကန်တော်မဟာရှိပါသည်။ မြို့အရှေ့ဘက် ၁၃ မိုင်အကွာတွင်ကား ကျောက်တောင် ကျောက်တုံးများအကြားမှ အေးမြကြည်လင်ကာ တသွင်သွင်စီးဆင်းနေသော သဘာဝအရ ရှုတိုင်းလှသည့် ပသိချောင်း ရှိပါသည်။ ကျောင်းပိတ်ရက်၊ ရုံးအားရက်များတွင် မိသားစုများ ပျော်ပွဲစားထွက်ခဲ့သည်များကိုလည်း လွမ်းတသသ သတိရနေမိပါသည်။

ကေတုမတီ တောင်ငူသူ၊ တောင်ငူသားများသည် တပင်ရွှေထီး၊ ဘုရင့်နောင်တို့၏ သွေးချင်းများပီသလှပါပေသည်။ ကိုယ့်နိုင်ငံ ကိုယ့်လူမျိုး ကိုယ့်ဘာသာသာသနာကို ချစ်မြတ်နိုးစိတ် ကြီးမားလှပါပေသည်။ ထို့ကြောင့်ပင် နှစ်စဉ်နှစ်တိုင်း ဇန်နဝါရီ ၄ ရက်နေ့ လွတ်လပ်ရေးနေ့တွင် လွတ်လပ်ရေးပွဲတော်ကြီးကို တောင်ငူမြို့ မိုင်ဒါကွင်းတွင် စည်ကားစွာ ကျင်းပလေ့ရှိပါသည်။ ဝန်ကြီးဌာနပြခန်းများ၊ ဌာနဆိုင်ရာပြခန်းများ၊ ပုဂ္ဂလိကပြခန်းများ၊ ပန်းချီပန်းပုပြခန်းများ၊ ဓာတ်ပုံဆိုင်များ စုံလင်စွာပြသပါသည်။ ကြည့်ချင်ပွဲများ၊ ဇာတ်ပွဲများ၊ အငြိမ့်နှင့် မော်ကွန်းရုပ်ရှင်မှ ပြသပေးသော ရုပ်ရှင်ကားများနှင့် ပျော်ရွှင်ဖွယ်ရာ စည်ကားလှပါသည်။ ဝင်္ကပါလှည့်စရာများနှင့် ချားရဟတ်တို့မှာ ကလေးလူကြီးအားလုံး စိတ်ပါဝင်စားစွာ ပျော်ရွှင်စွာ ကစားကြပါသည်။ ပွဲဈေးတန်းမှာလည်း အစားအသောက်ဆိုင်များသာမက အိမ်အသုံးအဆောင်များ ရောင်းချသောဆိုင်များပါ စုံလင်လှပါသည်။

လွတ်လပ်ရေးပွဲလာသူများမှာ ပွဲဈေးတန်းဆိုင်များတွင် ထိုင်စားသူက ထိုင်စားကြသကဲ့သို့ ပွဲဈေးတန်းမှ မိမိစိတ်ကြိုက်မုန့်များ ဝယ်ယူသွား၍ အိမ်ရောက်မှ စားကြသူများလည်း ရှိကြပါသည်။ ဘူးသီးတစ်ချောင်းကြော်နှင့် ကောက်ညှင်းကျည်တောက်ကို နှစ်သက်သကဲ့သို့ ကောက်ညှင်းပေါင်းပူပူနွေးနွေး အုန်းသီးဖွေးဖွေး၊ နှမ်းထောင်းမွှေးမွှေးနှင့် ဘူးသီးတစ်ချောင်းကြော် ပူပူနွေးနွေး ကြွပ်ရွကလေးများကို တွဲဖက်စားရသည်မှာ လွန်စွာအရသာရှိလှပါသည်။

တောင်ငူမြို့၏ ဆယ့်နှစ်လရာသီ ပွဲတော်များတွင် စာရေးသူ နှစ်ခြိုက် အပျော်ရွှင်ဆုံး ပွဲတော်နှစ်ခုရှိပါသည်။ ထိုပွဲတော်များကား တန်ခူးလ နှစ်သစ်ကူး တာသင်္ကြန်ပွဲတော်နှင့် တန်ဆောင်တိုင် နှစ်ကျိပ်ရှစ်ဆူဘုရားပွဲတော်တို့ ဖြစ်ပါသည်။ သင်္ကြန်အကြိုနေ့ရောက်ပြီဆိုမှဖြင့် မိမိတို့အိမ်ရှေ့တွင် ညီအစ်ကို မောင်နှမများ၊ သူငယ်ချင်းများ စုဝေးကြ၍ အုန်းလက်မဏ္ဍပ်များထိုးကာ ရေစည်များချပြီး ရေတွင်းမှ ရေများခပ်ထည့်၍ ရေပက်ခံလာသူများကို ရေပက်ကစားရင်း မုန့်လုံးရေပေါ်၊ ရွှေရင်အေး၊ မုန့်လက်ဆောင်း စသည်များဖြင့် တစ်နေ့တစ်မျိုးမရိုးရအောင် စတုဒိသာ ကျွေးမွေးကြပါသည်။ တာတန်ခူးတွင် ပွင့်ဖူးသည့် ရွှေရောင်လွှမ်းသည့် ပိတောက်ပန်းများမှာ ပင်မြင့်ထက်မှာ ပွင့်လန်းတင့်ဆန်းနေသကဲ့သို့ လှပျိုဖြူလေးများ၏ ဆံကေသာတွင်လည်း **"ပန်းတွေနဲ့ဝေ"**ဟု စာဖွဲ့ရလောက်အောင်ပင် ပန်ဆင်ထားကြပေသည်။ သင်္ကြန်အကြတ်နေ့တွင်ကား ဘုရား၊ ဘုန်းကြီးကျောင်းများသို့သွားကာ ဥပုသ်သီလ ဆောက်တည်ကြပါသည်။

တန်ဆောင်မုန်းလတွင်ကား တန်ဆောင်တိုင် မီးထွန်းပူဇော်ပွဲနှင့်အတူ သမိုင်းဝင် ကေလဇာတီဘုရားရှိ နှစ်ကျိပ်ရှစ်ဆူဘုရားများ ပင့်ဆောင်လှည့်လည် အပူဇော်ခံပွဲမှာ တောင်ငူမြို့၏ ထင်ရှားစည်ကားလှသော ပွဲတော်ဖြစ်ပါသည်။ ဘုရားများကို ကျောင်းများ၊ ရုံးများ၊ ဈေးသူဈေးသားများ၊ ရပ်ကွက်သူ ရပ်ကွက်သားများ၊ အဖွဲ့အစည်းများအလိုက် ပင့်ဆောင်ပူဇော်ကြပါသည်။ ပွဲတော်မစမီ တစ်လလောက်အလိုကပင် မိမိတို့အဖွဲ့အစည်းအလိုက် အဆိုအကများ၊ ယိမ်းများ၊ အတီးအမှုတ်များကို ဇာတ်တိုက် လေ့ကျင့်ကြပါသည်။ ယခင်က တောင်ငူ နှစ်ကျိပ်ရှစ်ဆူဘုရားပွဲတော်၏ အစဉ်အလာမှာ ကျောင်းသူ၊ ကျောင်းသားများ၊ ဈေးသူဈေးသားများ၊ ရပ်ကွက်သူ ရပ်ကွက်သားများ ကိုယ်တိုင်ပါဝင် ကပြဖျော်ဖြေကြခြင်းဖြစ်ပါသည်။ (ငွေကြေးဖြင့်ငှားရမ်းသော အငြိမ့်၊ ဇာတ်၊ သဘင် ပါဝင်မှုနည်းပါးသည်) ထိုစဉ်က မြို့မအဖွဲ့နှင့် တစ်ပင်တိုင်အက၊ လေးကောင်ဂျင်ယိမ်းအက၊ ဖိုးထူးနတ်ယိမ်း၊ အမတ်ယိမ်း၊ လူရည်ချွန်ယိမ်း စသည်တို့ကို အမှတ်ထင်ထင် စွဲမြဲသတိရနေမိပါသည်။

တန်ဆောင်မုန်းလဆန်း ၇ ရက်နေ့လောက်မှစ၍ ကေလဇာတီဘုရားတွင် ကိန်းဝပ်စံပယ်တော်မူသော နှစ်ကျိပ်ရှစ်ဆူဘုရားများကို ကျောင်းများ၊ ရုံးဌာနများ၊ ဈေးသူဈေးသားများ၊ ရပ်ကွက်သူရပ်ကွက်သားများ၊ အဖွဲ့အစည်းများမှ အသီးသီး ပင့်ဆောင်ပူဇော်ထားကြပါသည်။ တန်ဆောင်မုန်းလဆန်း ၁၃ ရက် ညနေ ၃ နာရီမှစ၍ မဲကျထားသော အမှတ်စဉ်အတိုင်း ဘုရားများကို ပန်းများ၊ အမွှေးနံ့သာများဖြင့် အလှဆင်ကာ လူကိုယ်တိုင် ပခုံးဖြင့်ထမ်းပြီး ခြေကျင်လှည့်သော အဖွဲ့အစည်းများကား များလှပေစွ။ ဘုရားကားကို ရှေ့မှထားပြီး အတီးအမှုတ်အကအခုန် ယိမ်းအဖွဲ့များပါသောကားက နောက်မှ၊ ထို့နောက်တွင် မီးစက်တင်ထားသောကားက လိုက်ပါလေသည်။ ကေလဇာတီဘုရားမှသည် လမ်းတစ်လျှောက် ပွဲကြည့်ပရိသတ်မှာ ကြက်ပျံမကျ စည်ကားလှပါသည်။ လမ်းဆုံလမ်းခွများတွင် ကားများရပ်၍ ကပြဖျော်ဖြေကြရာ ညလုံးပေါက်ပင်ဖြစ်ပါသည်။ ကေလဇာတီဘုရားသို့ ပြန်လည်ရောက်ရှိချိန်တွင် နံနက်မိုးလင်းလုပေပြီ။ တောင်ငူမြို့သူ မြို့သားများ၊ ရပ်ကွက်သူ ရပ်ကွက်သားများသည် တစ်ညလုံးမအိပ်ကြ။ လိုက်လံကြည့်ရှုသူများ၊ စောင့်မျှော်ကြည့်ရှုသူများနှင့်တစ်မြို့လုံး၊ တစ်ညလုံးစည်ကားနေပါသည်။

ထိုမှတစ်ဖန် တန်ဆောင်မုန်းလဆန်း ၁၄ ရက်နေ့ ည ၈ နာရီအချိန်မှစ၍ အဖွဲ့အသီးသီးတို့သည် ကေလဇာတီဘုရားတွင် မိမိတို့ သက်ဆိုင်ရာဘုရားများ ပင့်ဆောင်၍ နံပါတ်စဉ်အလိုက် တန်းစီကာ အရုဏ်ဆွမ်းခံ လှည့်လည်ကြပေသည်။ ထိုသို့ အရုဏ်ဆွမ်းခံ လှည့်လည်ရာတွင် ကားများ၊ ယာဉ်များ မပါဝင်ပါ။ ဘုရားကျောင်းဆောင်များကို ရှေ့နောက်တွင် လူနှစ်ယောက် ပခုံးဖြင့်ထမ်းကာ လှည့်လည်ကြပါသည်။ ရှေ့ဆုံးမှ ရေကင်းသံတီး၍ လှည့်လည်ကြပေသည်။ ကုသိုလ်ရှင်အသီးသီးမှ မိမိတို့အိမ်ရှေ့မှထွက်၍ ဆွမ်း၊ သစ်သီး၊ မုန့်၊ ယို၊ ဖယောင်းတိုင်၊ အမွှေးတိုင်၊ ပန်းများ (အထူးသဖြင့် စံပယ်ပန်းကုံးများ)၊ ငွေသား အလှူများ လောင်းလှူကြပါသည်။

နှစ်စဉ် စာရေးသူ၏ ဖေဖေနှင့်မေမေမှာ အိမ်ရှေ့မှနေ၍ ဆွမ်း၊ ငွေဆွမ်းနှင့် ကြက်ဥမုန့်များ လောင်းလှူကြပါသည်။ စာရေးသူတို့ ညီအစ်မမှာ အရုဏ်ခံလှည့်လည်သည့်နောက်သို့ လိုက်ပါကာ ကုသိုလ်ယူကြပါသည်။ လမ်းတစ်လျှောက်တွင် ဘုရားများအတွက် လောင်းလှူရုံသာမက လိုက်ပါလာသူများကို ကောက်ညှင်းပေါင်း၊ အကြော်၊ ဆန်ပြုတ်၊ သာဂူ၊ ကော်ဖီ စသည်တို့ဖြင့် စတုဒိသာ ကျွေးမွေးကြပါသည်။ အရုဏ်ခံအဖွဲ့သူ၊ အဖွဲ့သားများက လှူဒါန်းသမျှ ဒါနကုသိုလ်အတွက် အသံနေအသံထားဖြင့် ဆုပေးကြသူကပေး၊ **"အမျှကိုသာ ယူကြပါတော့ -ဗျို့ -ဗျို့"** ဟူ၍ အမျှဝေသူကဝေ၊ ကြည်နူးစရာ၊ ပျော်ရွှင်စရာအတိဖြင့် သာခုခေါ်စရာ ကောင်းလှပါသည်။ နံနက်အရုဏ်တက်အချိန်တွင် ကေလဇာတီဘုရားသို့ နှစ်ကျိပ်ရှစ်ဆူဘုရားအားလုံး ပြန်လည်ရောက်ရှိပြီး စုပေါင်းကာ အရုဏ်ဆွမ်းများကပ်ကြပါသည်။

မည်သည့်အရာများ မည်သို့ပင်ပြောင်းလဲသွားစေကာမူ **"ကေတုမတီ မြို့ဌာနီ"** ကား မြို့တည်နှစ် နှစ် ၅၀၀ ပင်ပြည့်ခဲ့ပေပြီ။ နှစ်တွေကြာခဲ့သော်လည်း (ကေတုမတီ) တောင်ငူမြို့သည် ယခုတိုင် စိမ်းလန်းစိုပြည်၊ သာယာဝပြော၊ ဖွံ့ဖြိုးတိုးတက်၊ အေးချမ်းစည်ပင်လျက် ရှိနေပေသည်။

ကေတုမတီ (တောင်ငူ)မြို့တည်နန်းတည် နှစ် ၅၀၀ ပြည့်ပွဲတော်ကြီးကို တောင်ငူမြို့ မိုင်ဒါကွင်းတွင် နိုဝင်ဘာ ၁၈ ရက်နေ့မှ ၂၄ ရက်နေ့အထိ ခမ်းနားကြီးကျယ်စွာ ကျင်းပခဲ့လေသည်။ ကေတုမတီမြို့တည် နန်းတည် နှစ် ၅၀၀ ပြည့် အခမ်းအနားကို ဝင်းခင်း၍ဆင်၊ မြင်းများနှင့် မြို့တွင်းလှည့်လည်သည်မှာ ခမ်းနားစည်ကားလှပါပေသည်။ တောင်ငူမြို့ လေးကျွန်းမင်္ဂလာကန်တော်ကြီး၌ ကေတုမတီ(တောင်ငူမြို့) မြို့တည်နန်းတည် နှစ် ၅၀၀ ပြည့် အထိမ်းအမှတ် မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲကြီးကို ကျင်းပခဲ့လေသည်။ ကေတုမတီမြို့တည်နန်းတည် နှစ် ၅၀၀ ပြည့် အထိမ်းအမှတ် တည်ဆောက်ထားသော **"မဟာသီရိဇေယျ သူရဘွဲ့ခံ မင်းကြီးညို"** ရုပ်တုကိုလည်း နိုဝင်ဘာ ၂၁ ရက် တန်ဆောင်မုန်းလပြည့်နေ့မှာ ဖွင့်လှစ်နိုင်ခဲ့ပေသည်။ မင်းကြီးညို အတ္ထုပ္ပတ္တိမှတ်တမ်း သမိုင်းမော်ကွန်း ကြေးပြား၊ အောင်နန်းတံခါးမုခ်ဦးနှင့် စင်တံခါးမုခ်ဦးများကိုလည်း ဖွင့်လှစ်ခဲ့ပေသည်။

ယခုနှစ်အခါသမယမှာ ထူးခြားသည့်ကာလဖြစ်ပေသည်။ တောင်ငူတန်ဆောင်တိုင် နှစ်ကျိပ်ရှစ်ဆူဘုရားပွဲတော်သည်လည်း စည်ကားသကဲ့သို့ ကေတုမတီမြို့တည် နန်းတည် နှစ်ငါးရာပြည့် ပွဲတော်ကြီးသည်လည်း ခမ်းနားထည်ဝါတင့်တယ်စွာ ကျင်းပနိုင်ခဲ့လေသည်။ ထို့ထက်သာမက နိုဝင်ဘာ ၇ ရက် တန်ဆောင်မုန်းလဆန်း ၁ ရက်နေ့ကလည်း ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွက် သမိုင်းမှတ်တိုင်စိုက်ထူနိုင်မည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို အောင်မြင်စွာကျင်းပနိုင်ခဲ့လေသည်။ ထို့ကြောင့် ယခုနှစ် တန်ဆောင်တိုင် (တန်ဆောင်မုန်းလ) အခါသမယသည် ကေတုမတီ တောင်ငူသူ၊ တောင်ငူသားတို့သာမက ပြည်ထောင်စု မြန်မာနိုင်ငံသူ၊ နိုင်ငံသားအားလုံး၊ တိုင်းရင်းသူ၊ တိုင်းရင်းသားအားလုံး စည်းစည်းလုံးလုံး ပျော်ရွှင်မဆုံး တပြုံးပြုံး ဝမ်းမြောက်ဂုဏ်ယူမဆုံး ရှိကြပေသည်။

ထိုသို့ ကောင်းခြင်းမင်္ဂလာ ဂုဏ်အင်္ဂါ အဖြာဖြာနှင့် ပြည့်စုံပြီး ဖွံ့ဖြိုးတိုးတက် အေးချမ်းသာယာစည်ပင်ဝပြောလျက် ဂုဏ်ယူဖွယ်၊ ပျော်ရွှင်ဖွယ်၊ ကြည်နူးဖွယ်၊ လွမ်းမောဖွယ် ဖြစ်သော ဇာတိချက်ကြွေ မွေးရပ်မြေ **"သာစွဌာနီ ကေတုမတီ"** ကို အစဉ်ထာဝရ သတိရ၊ မှန်းဆ၊ တမ်းတ၊ လွမ်းရပါကြောင်း။ ။

# စီမံခန့်ခွဲရေးသင်တန်း၊ အဆင့်မြင့်စက်ချုပ်သင်တန်းနှင့် စာရေးဝန်ထမ်းသင်တန်းများ ဖွင့်ပွဲအခမ်းအနား ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၁**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနက ဖွင့်လှစ်သည့် စီမံခန့်ခွဲရေးသင်တန်း အမှတ်စဉ်(၄၁)၊ (၄၂)၊ အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ်(၂၂)နှင့် စာရေးဝန်ထမ်း သင်တန်းအမှတ်စဉ် (၇၀)၊ (၇၁) သင်တန်းများ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၆ ရက် နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဗဟိုလေ့ကျင့်ရေးကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကိုယ်စား ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်) ကျောင်းအုပ်ကြီး ဦးဝင်းအောင်က သင်တန်းဖွင့်အမှာစကား ပြောကြားသည်။ **(အောက်ပုံ)**

ယင်းနောက် ကျောင်းအုပ်ကြီးနှင့်အဖွဲ့သည် စာသင်ခန်းများ၊ လက်နှိပ်စက်နှင့် ကွန်ပျူတာသင်တန်းခန်းများ၊ အဆင့်မြင့် စက်ချုပ်ပညာ သင်ကြားပေးနေမှုများနှင့် သင်တန်းသူများ၏ အိပ်ဆောင်၊ စာသင်ဆောင်နှင့် စားရိပ်သာတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။ ယနေ့ဖွင့်လှစ်သည့် စီမံခန့်ခွဲရေး သင်တန်းအမှတ်စဉ် (၄၁)သို့ နေပြည်တော် စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေး ဦးစီးဌာနတို့မှ သင်တန်းသူ ၁၈ ဦး၊ စီမံခန့်ခွဲရေးသင်တန်း အမှတ်စဉ် (၄၂)သို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနတို့မှ သင်တန်းသူ ၂၆ ဦး၊ အဆင့်မြင့် စက်ချုပ်သင်တန်းအမှတ်စဉ် (၂၂)သို့ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ သင်တန်းသူ ၂၀၊ စာရေးဝန်ထမ်းသင်တန်း အမှတ်စဉ် (၇၀)သို့ နေပြည်တော် စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးဦးစီးဌာနတို့မှ စာရေးဝန်ထမ်း သင်တန်းသူ ၃၅ ဦး၊ စာရေးဝန်ထမ်း သင်တန်း အမှတ်စဉ်(၇၁)သို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနတို့မှ စာရေးဝန်ထမ်း သင်တန်းသူ ၂၄ ဦး စုစုပေါင်း သင်တန်းသူ ၁၂၃ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၂ ပတ် ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)





# ခင်မောင်တင်(မဟာဝိဇ္ဇာ)၏ စာအုပ်ထုတ်ဝေ

**ရန်ကုန် ဒီဇင်ဘာ ၁၁**

တပ်မတော်(ကြည်း)တွင် တာဝန်ထမ်းဆောင်ခဲ့သော တပ်မတော်သား စာရေးဆရာများ၏ စစ်ဆင်ရေးအတွေ့အကြုံ၊ ဘဝအတွေ့အကြုံများကို ဝတ္ထုအသွင်၊ ဆောင်းပါးအသွင်ဖြင့် စုံစုံလင်လင်ဖတ်ရှုကြရသဖြင့် ကျေနပ်နှစ်သက်လျက်ရှိကြသော စာဖတ်ပရိသတ်အတွက် တပ်မတော်(လေ)နှင့် ပတ်သက်သည့် စစ်ဆင်ရေးအတွေ့အကြုံများကို တစ်မျိုးတစ်ဘာသာ ဖတ်ရှုလေ့လာခံစားနိုင်ကြပါစေရန် စာရေးဆရာ ခင်မောင်တင်(မဟာဝိဇ္ဇာ)၏ **ရွှေဝါရောင်မြေပြင်အထက် လင်းလက်သော ကောင်းကင်ပြာနှင့် ကျွန်တော့်ဘဝပုံရိပ်များ**စာအုပ်ကို နိုင်ငံ့ဂုဏ်ရည် စာပေတိုက်က တစ်ပြည်လုံးသို့ ထုတ်ဝေဖြန့်ချိလိုက်သည်။ **(အပေါ်ယာပုံ)**




## ဖြစ်စဉ်အမှန်များ

ဤစာအုပ်သည် စာရေးသူ၏ ဘဝမှတ်တမ်း တစ်စိတ်တစ်ဒေသပါဝင်သော်လည်း တပ်မတော်(လေ)၏ သမိုင်းကြောင်း ဖြစ်စဉ်အမှန်များကို အခြေခံရေးဖွဲ့ထားခြင်း ဖြစ်ပေရာ တပ်မတော်(လေ)၏ စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သော စစ်ဆင်ရေးကြီးများ၊ ရရှိခဲ့သော အောင်မြင်မှုများအတွက် ဝမ်းမြောက်ဂုဏ်ယူဖွယ်၊ အားကျမြတ်နိုးဖွယ် ဖတ်ရှုရမည့်အပြင် တပ်မတော်(လေ) စတင်တည်ထောင်သည်မှ ယနေ့ကာလအထိ နိုင်ငံတော်နှင့် ပြည်သူအတွက် အသက်သွေးချွေးများ ပေးဆပ်ကာ တာဝန်ကျေပွန်ခဲ့ပုံ၊ ပြည်ပကျူးကျော်မှုနှိမ်နင်းရေး၊ ပြည်တွင်းသောင်းကျန်းမှုချေမှုန်းရေး၊ မူးယစ်ဆေးဝါး ကင်းစင်ပပျောက်ရေးအစရှိသည့် စစ်ဆင်ရေးများတွင် တပ်မတော်(လေ)မှ လေသူရဲများ အသက်စွန့်တိုက်ပွဲဝင်ခဲ့ပုံများကို ရင်တုန်သည်းလှုပ် ဖတ်ရှုရမည်ဖြစ်သည်။

## ရုပ်ပုံလွှာများ

တပ်မတော်(လေ)၏ သမိုင်းတွင် အမှန်တကယ်ရှိခဲ့သော လေသူရဲများ (သို့)စစ်သည်အရာရှိများ၏ ရုပ်ပုံလွှာများဖြင့် တန်ဆာဆင်ထားသည့် ဤစာအုပ်ကို ရန်ကုန်မြို့ နိုင်ငံ့ဂုဏ်ရည် စာပေတိုက်(၁) (၅၂၉/၅၃၁) ကုန်သည်လမ်း စာပေဗိမာန်အဆောက်အအုံ ဖုန်း-၃၇၄ ၅၃၂၊ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၂) ရန်ကင်းပညာရေး ကောလိပ်နှင့် ရန်ကင်းကြေးအိုးဆိုင်ကြား သစ္စာလမ်းမကြီး ရန်ကင်းမြို့နယ် ဖုန်း-၇၂၅၅၃၀ နှင့် တစ်ပြည်လုံးရှိ စာအုပ်ဆိုင်ကြီးများတွင် တစ်အုပ်လျှင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ဝယ်ယူရရှိနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

**သန်လျင်မြို့နယ် ဒီဇင်ဘာ အားကစား စုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၄ ရက်က သိမ်ကျောင်းလမ်း နာရီစင်ရှေ့၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမိုးခိုင်ထွန်းနှင့် အဖွဲ့ဝင်များ၊ ပြည်သူများ စုပေါင်းပါဝင်ဆင်နွှဲစဉ်။**
(၅၂၇)



# မိုးနဲ-ကျိုင်းတုံ မီးရထားလမ်းဖောက်လုပ်လျက်ရှိ မကြာမီ လမ်းအပိုင်းလိုက်ဖွင့်လှစ်နိုင်တော့မည်

**နေပြည်တော် ဒီဇင်ဘာ ၁၁**

ပြည်ထောင်စုတစ်ဝန်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးအတွက် လမ်းပန်းဆက်သွယ်ရေးကွန်ရက်ကို အကြားအလပ်မရှိ စီစဉ်ဖော်ဆောင်လျက်ရှိရာ ရထားပို့ဆောင်ရေးကဏ္ဍ မြင့်မားလာစေရန်အတွက် ရထားလမ်းများကို ကွန်ရက်သဖွယ် ပြည်နယ်နှင့်တိုင်းဒေသကြီးအနှံ့ ဖြန့်ကြက်ဖောက်လုပ် ဆက်သွယ်ပေးလျက်ရှိသည်။

ယခုဖောက်လုပ်နေသော မိုးနဲ-ကျိုင်းတုံရထားလမ်းမှာ တောင်ကုန်းတောင်တန်းများပေါ်များသည့် ရှမ်းရိုးမတောင်တန်းများနှင့် သံလွင်မြစ်အနောက်ခြမ်းနှင့် အရှေ့ခြမ်းကို ဖြတ်သန်းဖောက်လုပ်သည့် လမ်းပိုင်းဖြစ်သည့်အားလျော်စွာ လမ်းပိုင်းကို အပိုင်းလိုက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ မိုးနဲ-ကျိုင်းတုံရထားလမ်းတွင် အပိုင်းသုံးပိုင်းခွဲ၍ လုပ်ငန်းများဆောင်ရွက်လျက်ရှိပြီး မိုးနဲ-တာဆန်းလမ်းပိုင်း ၇၂ မိုင်၊ တာဆန်း-မိုင်းဆတ်လမ်းပိုင်း ၆၇ မိုင်၊ မိုင်းဆတ်-ကျိုင်းတုံလမ်းပိုင်း ၈၇ မိုင် စုစုပေါင်းလမ်းအရှည် ၂၂၆ မိုင်ရှိမည်ဖြစ်ကြောင်းသိရသည်။

ပြည်ထောင်စု တစ်နံတစ်လျား အရှေ့၊ အနောက်၊ တောင်၊ မြောက် အရပ်လေးမျက်နှာသို့ ရထားလမ်းသစ်များ ဆက်စပ်ဖောက်လုပ်ပေးလျက်ရှိရာ ဖောက်လုပ်ပြီးစီးခဲ့သည့် တောင်ကြီး-ဆိုက်ခေါင်-နမ့်စန်-မိုးနဲလမ်းနှင့် ယခုအသစ်ဖောက်လုပ်လျက်ရှိသည့် မိုးနဲ-ကျိုင်းတုံလမ်းနှင့် ဆက်စပ်လိုက်ပါက တောင်ကြီးမှ ကျိုင်းတုံအထိ မီးရထားစီးပြီး ခရီးနှင်နိုင်တော့မည်ဖြစ်ကြောင်း သိရှိရသည်။ သတင်း-ဦးသန်းဦး (သတင်းစဉ်)



## ထပ်ပိုးလွှာခင်း

**လပွတ္တာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ စိန်ရတုလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်း ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးအောင်ဖြိုးကျော်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းမြင့်တို့ ကွင်းဆင်းကြီးကြပ်ရာ လုပ်ငန်းတာဝန်ခံ အင်ဂျင်နီယာ ဦးကျော်သူဝင်း ရှင်းလင်းတင်ပြစဉ်။** (ကြေးမုံ)

# ကုန်သည်/စက်မှုအသင်းချုပ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ပြပွဲတက်ရောက်ရန် ထိုင်းနိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် ဒီဇင်ဘာ ၁၁**

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် အဖွဲ့ဝင်ခုနစ်ဦးသည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ဒီဇင်ဘာ ၄ ရက်မှ ၁၃ ရက်အထိ ကျင်းပမည့် Indochina Fair 2010 ပြပွဲသို့ တက်ရောက်ရန် ဒီဇင်ဘာ ၃ ရက် နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ထိုင်းနိုင်ငံသို့ ထွက်ခွာသွားကြရာ ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းဝင်း၊ ဦးထွန်းအောင်၊ အလုပ်အမှုဆောင် ဦးစိန်ထွေးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။ **(အောက်ပုံ)** (သတင်းစဉ်)



# News Watch (စောင့်ကြည့်) သတင်းဂျာနယ် ထွက်ရှိ

**ရန်ကုန် ဒီဇင်ဘာ ၁၁**

ရွှေနိုင်ငံ အရှေ့အာရှကုမ္ပဏီလီမိတက်မှ အစုရှယ်ယာများ ထပ်မံထုတ်ရောင်းမည်၊ အန္တရာယ်ရှိအဆောက်အအုံ ၂၈ခုစာရင်းထုတ်ပြန်၊ ဖားကန့်ရတနာနယ်မြေသတ်မှတ် လုပ်ကွက်အသစ်များချထားပေးမည်၊ အကောက်ခွန်မဲ့ပစ္စည်းကျပ်သန်း ၆၉၀၀ ကျော်ဖိုး သိမ်းဆည်းရမိ၊ ကားဈေးကွက်ပြီးတော့ဖုန်းဈေးကွက်လား၊ သာကေတမီးဘေးသင့် ပြည်သူများ ၎င်းတို့ပိုင် မြေနေရာများ၌ ပြန်လည်ချထား၊ ကျောက်စရစ်၊ သဲ ယခင်နှစ်များထက် ဈေးနှုန်း မြင့်တက်၊ ပြည်တွင်းဖြစ်လက်ကိုင်ဖုန်းများ လာမည့် ၂၀၁၁ တွင် စတင်ထုတ်လုပ်မည်၊ ချင်းတွင်းအထက်မှ ရွှေရှာသူများပြား၊ မန္တလေးမြို့ အခြေခံစားကုန်များမကြာမီ စစ်ဆေးမည်၊ ပြည်ပပန်းဈေးကွက် လေ့လာရန် ကူမင်းမြို့သို့ သွားရောက်မည်၊ တရုတ်နိုင်ငံ စက်မှုထုတ် ကုန်စည်ပြပွဲ ရန်ကုန်မြို့တွင် ကျင်းပမည်၊ မင်္ဂလာဈေး ဆေးဆိုင်အချို့ ရွှေပြည့်စုံဈေးသို့ ပြောင်းရွှေ့၊ နွားအရှင်ကောင်ရေ ၁၅၀၀ မလေးရှားပို့မည်၊ ဗိုလ်စားပဲကိုရီးယားမှ ဝယ်ယူလို၊ ဗီယက်နမ်ငရုတ်ရှည်များ ဈေးကွက်တွင်း ဝင်ရောက်၊ သီရိမင်္ဂလာဈေးသစ်တည်ဆောက်မှု ၉၀ ရာခိုင်နှုန်းပြီးစီး၊ ဟန်းဆက်ဝယ်ပါက ဆက်စပ်ပစ္စည်းပါ လက်ဆောင်ပေးလာ၊ အံ့မောင်၊ ပါရဂူ၊ မောင်သာနိုး၊ ဒေါက်တာအောင်ခင်ဆင့်၊ မောင်သန်းဆွေ (ထားဝယ်)၊ မြသူအောင်၊ ရွှေစင်ကိုကို၊ ထွဋ်ဝင်းထွဋ်၊ အေးမောင်ကျော်၊ တေဇအောင်၊ မဟာရာဇာ၊ ကိုခါး(ကွမ်းခြံကုန်း)၊ မောင်နွေထက်တို့၏ဆောင်းပါးများ၊ ပြင်သစ်မှ အရပ်ဘက်သုံး နျူကလီးယားဓာတ်ပေါင်းဖို အိန္ဒိယ၌ ဆောက်လုပ်ပေးမည်၊ ကိုလံဘီယာတွင် မြေပြိုမှုကြောင့် လူဒါဇင်ပေါင်းများစွာ အရှင်လတ်လတ် မြေမြှုပ်သင်္ဂြိုဟ်ခံရ၊ ဆွန်နီစစ်သွေးကြွများအား ဆော်ဒီက အဓိကငွေကြေးထောက်ပံ့နေကြောင်း ဝီကီလိစ်ခ်ဖော်ပြ၊ ဇင်ယော်နီ၏ ကံကောင်းခြင်းဂဏန်းများ အပါအဝင် ပြည်တွင်းပြည်ပသတင်း၊ ဆောင်းပါးများဖြင့်(News Watch) စောင့်ကြည့်ဂျာနယ် ထွက်နေပြီ ဖြစ်သည်။ (သတင်းစဉ်)

## အလှူတော်ငွေလက်ခံ

**နိုင်ငံတော်ဝန်ကြီး**
**တည်ဆောက်ရေး လုပ်င**
**လက်ခံစဉ်။**





**နေပြည်တော်ခရိုင် ပျဉ်းမနားမြို့နယ် ပန်းခင်း(၃)ရပ်ကွက်၌ တည်ထားကိုးကွယ်သည့် ဗောဓိပက္ခိယ ရုပ်ပွားတော်မြတ်ကြီးအား ဖူးတွေ့ရစဉ်။**
(သတင်းစဉ်)

**❁ ကျောဖုံးမှ**

အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ကဝိသာရထံမှ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် အမှူးပြုသော ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

**ပရိတ်တရားတော်များနာယူ**

ယင်းနောက် ဆရာတော် သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသည့် မေတ္တာသုတ် အစရှိသော ပရိတ်တရားတော်များကို နာယူကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် ဝန်ကြီးများက ဆရာတော် သံဃာတော်များထံ လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် ဗောဓိပက္ခိယ ရုပ်ပွားတော်မြတ်ကြီး၏ ဂန္ဓကုဋိတိုက် တည်ဆောက်ရေးလုပ်ငန်းအတွက် အလှူတော်ငွေများကို ပေးအပ်လှူဒါန်းကြရာ ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်က အလှူရှင်များ လှူဒါန်းသည့် အလှူတော်ငွေများကို လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးများက အလှူရှင်များ လှူဒါန်းသည့် အလှူတော်ငွေများကို လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ဆက်လက်၍ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး သူရဦးမြင့်မောင်က အလှူတော်ငွေများ ပေးအပ်လှူဒါန်းခြင်းအတွက် ကျေးဇူးတင်စကားလျှောက်ထားသည်။

ထို့နောက် ဆရာတော် ဘဒ္ဒန္တ ကဝိသာရထံမှ ဝန်ကြီးချုပ်အမှူးပြုသော ဧည့်ပရိသတ်များက အနုမောဒနာတရားနာကြား၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ်သည် ဗောဓိပက္ခိယ ရုပ်ပွားတော်မြတ်ကြီး၏ ဂန္ဓကုဋိတိုက်၌ တပ်ဆင်မည့် ရွှေစတီးပန်းစိန်တောင်ပုံစံနှင့် ဖောင်းပန်းဆွဲကို ကြည့်ရှုသည်။

ဗောဓိပက္ခိယ ရုပ်ပွားတော်မြတ်ကြီး၏ ဂန္ဓကုဋိတိုက် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာတွင် ယခုအခါ ဂန္ဓကုဋိကျောင်းဆောင်တော်၊ ကျောင်းဆောင်တော်အတွင်း ကြွေပြားကြမ်းခင်းခြင်းနှင့် မျက်နှာကြက် တပ်ဆင်ခြင်းလုပ်ငန်းများ ၇၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းများမှာ ရင်ပြင်တော်ခင်းကျင်းခြင်းလုပ်ငန်း၊ မဟာရံစိန်တောင်တံတိုင်း တည်ဆောက်ခြင်းလုပ်ငန်း၊ မဟာမုခ်ဦး လှေကားတည်ဆောက်ခြင်းလုပ်ငန်း၊ မြန်မာမှုအလှဆင်ခြင်းလုပ်ငန်း၊ လျှပ်စစ်မီးသွယ်တန်းခြင်းလုပ်ငန်းနှင့် ရေသန့်နှင့် မိလ္လာတည်ဆောက်ခြင်းလုပ်ငန်းတို့ ဖြစ်သည်။

ဗောဓိပက္ခိယ ရုပ်ပွားတော်မြတ်ကြီး၏ ဂန္ဓကုဋိတိုက် တည်ဆောက်ရေးလုပ်ငန်းများအတွက် လှူဒါန်းလိုကြသော အလှူရှင်များအနေဖြင့် ရုံးအဖွဲ့မှူး သာသနာရေးဝန်ကြီးဌာန ဖုန်း- ၀၆၇-၄၀၆၀၀၈၊ ရုံးအဖွဲ့မှူး နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဖုန်း- ၀၆၇-၄၁၄၆၁၀၊ ညွှန်ကြားရေးမှူး နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်) ဖုန်း- ၀၉-၅၀၀၁၄၇၅ နှင့် ညွှန်ကြားရေးမှူး နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(မန္တလေး) ဖုန်း- ၀၉-၅၁၃၅၈၃၇ တို့သို့ ဆက်သွယ်စုံစမ်းလှူဒါန်းနိုင်ကြောင်း သိရသည်။



**နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ဗောဓိပက္ခိယရုပ်ပွားတော်မြတ်ကြီး၏ ဂန္ဓကုဋိတိုက် တည်ဆောက်ရေးလုပ်ငန်းအတွက် အလှူရှင်များက လှူဒါန်းသည့် အလှူတော်ငွေများကို လက်ခံစဉ်။**
(သတင်းစဉ်)

**ဆက်လက်ကျင်းပ**

ဗောဓိပက္ခိယ ရုပ်ပွားတော်မြတ်ကြီး၏ ဂန္ဓကုဋိတိုက် တည်ဆောက်ရေးလုပ်ငန်းအတွက် အလှူရှင်များက ဆက်လက်လှူဒါန်းလျက်ရှိကြရာ အလှူတော်ငွေပေးအပ်ခြင်း အခမ်းအနားများကို ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဦးခင်အောင်မြင့် ဗောဓိပက္ခိယ ရုပ်ပွားတော်မြတ်ကြီး၏ ဂန္ဓကုဋိတိုက်တည်ဆောက်ရေးလုပ်ငန်းအတွက် အလှူရှင်များက လှူဒါန်းသည့် အလှူတော်ငွေများကို လက်ခံစဉ်။**
(သတင်းစဉ်)



**သာသနာရေး ဝန်ကြီးဌာန ဝန်ကြီး သူရဦးမြင့်မောင် ဗောဓိပက္ခိယ ရုပ်ပွားတော်မြတ်ကြီး၏ ဂန္ဓကုဋိတိုက်တည်ဆောက်ရေး လုပ်ငန်းအတွက် အလှူရှင်များက လှူဒါန်းသည့် အလှူတော်ငွေများကို လက်ခံစဉ်။**
(သတင်းစဉ်)



**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးတင်နိုင်သိန်း ဗောဓိပက္ခိယ ရုပ်ပွားတော်မြတ်ကြီး၏ ဂန္ဓကုဋိတိုက်တည်ဆောက်ရေးလုပ်ငန်း အတွက် အလှူရှင်များက လှူဒါန်းသည့် အလှူတော်ငွေများကို လက်ခံစဉ်။** (သတင်းစဉ်)

## ငွေလက်ခံ

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ဗောဓိပက္ခိယ ရုပ်ပွားတော်မြတ်ကြီး၏ ဂန္ဓကုဋိတိုက် တည်ဆောက်ရေး လုပ်ငန်းအတွက် အလှူရှင်များက လှူဒါန်းသည့် အလှူတော်ငွေများကို လက်ခံစဉ်။

(သတင်းစဉ်)



# (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်(၅)ရပ်

- ☆ နိုင်ငံတော်၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ လက်တွဲ ပူးပေါင်းကာကွယ်စောင့်ရှောက်ရေး။
- ☆ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်း ကာကွယ်ရေး။
- ☆ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပြီဖြစ်ရာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုး တိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီ လက်ညီ ဝိုင်းဝန်းဆက်လက်ကြိုးပမ်းဆောင်ရွက်ရေး။
- ☆ နိုင်ငံတော်၌ ရရှိထားပြီးဖြစ်သော တည်ငြိမ်အေးချမ်းမှု၊ လုံခြုံမှုနှင့်တရားဥပဒေစိုးမိုးမှု၊ စည်းလုံးညီညွတ်မှု၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် ဒီမိုကရေစီဖော်ဆောင်မှု အရှိန်အဟုန်ကို ပိုမိုခိုင်မာစေရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ် စိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းဆောင်ရွက်ရေး။
- ☆ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို တည်ဆောက်ရာတွင် ပြည်ထောင်စုကြီး အစွန့်ရှည် တည်တံ့ခိုင်မြဲရေးသည် ပဓာနကျသဖြင့် ပြည်ထောင်စုပြိုကွဲစေရန်နှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ယိုယွင်းပျက်စီးစေရန် ဖျက်လိုဖျက်ဆီး ကြံစည်အားထုတ် လုပ်ဆောင်လာမှုမှန်သမျှကို တိုင်းရင်းသားအားလုံးက သတိကြီးစွာဖြင့် တားဆီးကာကွယ်ရေး။

### ဆက်လက်ကျင်းပ

ဗောဓိပက္ခိယ ရုပ်ပွားတော်မြတ်ကြီး၏ ဂန္ဓကုဋိတိုက် တည်ဆောက်ရေးလုပ်ငန်းအတွက် အလှူရှင်များက ဆက်လက်လှူဒါန်းလျက်ရှိကြရာ အလှူတော်ငွေပေးအပ်ခြင်း အခမ်းအနားများကို ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသိန်း ဗောဓိပက္ခိယရုပ်ပွားတော်မြတ်ကြီး၏ ဂန္ဓကုဋိတိုက် တည်ဆောက်ရေးလုပ်ငန်း အတွက် အလှူရှင်များက လှူဒါန်းသည့် အလှူတော်ငွေများကို လက်ခံစဉ်။**

(သတင်းစဉ်)



## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၁၂-၁၂-၂၀၁၀ (တနင်္ဂနွေနေ့)**

AM & PM

| | |
|---|---|
| ၅း၀၀ | MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ ပရိတ်နိဒါန်း၊ မင်္ဂလသုတ် |
| ၅း၂၀ | MRTV-4 သတင်း |
| ၅း၅၀ | "ဒါနကောင်းမှု၏ အကျိုးကျေးဇူး" တရားတော် (အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာနန္ဒမာလာဘိဝံသ) |
| ၆း၄၀ | ထူးခြားသော ဘူမိအနေအထားနှင့် ဖူးမဝသောကျိုက်ထီးရိုးစေတီ |
| ၆း၅၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၁၀၂)** |
| ၇း၃၀ | MRTV-4 သတင်း |
| ၈း၀၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၆၉)** |
| ၈း၄၅ | ဂါရဝဖြင့်ဦးညွတ်ချီဆရာများ၏ ကျေးဇူးဂုဏ်ရည်(၁၉၇၂-၁၉၇၈ ခုနှစ် ဘာသာရပ်ပေါင်းစုံ ရန်ကုန်စက်မှုတက္ကသိုလ်) |
| ၉း၁၀ | သုညတမွမိုးကုတ်ဝိပဿနာ၏ မင်္ဂလာရှိသောနေ့တစ်နေ့ |
| ၉း၂၅ | Activities In The City [ကာတွန်းဆရာ (၂၂)ဦး၏ ကာတွန်းပြပွဲ] |
| ၉း၃၅ | Sunday Talk [မောင်လူမွှေး(မြန်မာမှု)၊ မျိုးမြတ်သူ] |
| ၁၀း၁၀ | "မီးတောက်အနမ်း" ဗီဒီယိုဇာတ်ကားမိတ်ဆက် |
| ၁၀း၃၀ | ဗီဒီယိုပြခန်း |
| ၁၀း၅၀ | မြန်မာ့ရုပ်ရှင် နှစ်(၉၀)ပြည့် ဂုဏ်ပြုအစီအစဉ် (အပိုင်း-၁) |
| ၁၁း၄၀ | ဈေးဝယ်လမ်းညွှန် (Best Style) |
| ၁၂း၀၅ | လှပသစ်ဆန်း အလှပြင်ခန်း (VIOLET'S STYLE Beauty Spa) |
| ၁၂း၃၅ | မမောမပန်းခရီးလမ်း. . . ဆံတော်ရှင်ထံ အရောက်မှန်း |
| ၁း၀၀ | "ဒါနကောင်းမှု၏ အကျိုးကျေးဇူး" တရားတော် (အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာနန္ဒမာလာဘိဝံသ) |
| ၂း၀၀ | MRTV-4 သတင်း |
| ၂း၂၀ | စကားနပန်း (သနားတတ်တာကောင်းတယ်၊ မသနားတတ်တာကောင်းတယ်) |
| ၃း၂၅ | ဆံသားကျန်းမာရေးကို သဘာဝကျကျ ထိန်းသိမ်းတတ်စေဖို့ |
| ၃း၃၅ | Kid's Show |
| ၄း၀၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၆၉)** |
| ၄း၅၀ | ဆီဖြစ်လာမည့် နှမ်းလုံးများ |
| ၅း၀၀ | FMF Selection |
| ၅း၃၀ | MRTV-4 ကာတွန်းအစီအစဉ် |
| ၆း၀၀ | MRTV-4 သတင်း |
| ၆း၂၀ | Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ) |
| ၆း၄၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၁၀၃)** |
| ၇း၃၀ | သွားမယ်စားမယ် (Donut King) |
| ၈း၀၀ | MRTV-4 သတင်း |
| ၈း၃၀ | ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ် တေးအရသာ (စန္ဒရားတင်ဝင်းလှိုင်၊ အေဝမ်းတင်တင်လှ) |
| ၈း၅၀ | ပန်းချီပြခန်း (Flower of Future) |
| ၉း၀၀ | ဟိုတယ်လမ်းညွှန် (Strand Hotel) |
| ၉း၃၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၇၀)** |
| ၁၀း၁၀ | နုယဉ်ဆန်းထွင် ပန်းအလှဆင် (ပန်းပွင့်များရဲ့ ဖန်တီးရှင်) (ပန်းဒေါင်းပြုလုပ်နည်း) |
| ၁၀း၂၅ | Barclays Premier League (Tottenharn Vs Chelsea) |
| ၁၂း၂၅ | စိုက်ပျိုးအောင်မြင်. . . စပ်ခရမ်းချဉ် |
| ၁၂း၃၅ | ဆန်းသစ်တီထွင် ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာ တင်တင်ခိုင်နှင့် တွေ့ဆုံခြင်း) |
| ၁၂း၅၅ | စီးဆင်းပါစေ မေတ္တာရည် (မေကဗျာ၊ ဖူးဖူး) |
| ၁း၀၅ | Celebrity Profile(Jet Li) |
| ၁း၃၅ | ကြည့်မြင်တိုင် မျက်မမြင်ကျောင်း၏ လေ့လာမှုနည်းပညာ |
| ၁း၅၀ | ဟူးကောင်းချိုင့်ဝှမ်းမှ ဆင်သုတေသနလုပ်ငန်း |
| ၂း၁၀ | စကားဝါမြေ၏ အိုအေစစ် (Popa Mountain Resort) |
| ၂း၃၀ | ရောင်စုံရသ နီယွန်ည |
| ၃း၀၀ | အထင် |
| ၃း၂၀ | Movie Mistakes (Terminator-3) |
| ၃း၃၅ | တိရစ္ဆာန်လေးတွေ မွေးကြမယ် (Dog City) |
| ၃း၅၅ | Shooting Location (ဘဝတံခွန်) |
| ၄း၁၀ | စိမ်းသည့်မြေ |
| ၄း၁၅ | သာသနာတော်ထွန်းကား အလှတရားဖြာဝေ ထားဝယ်မြေ |
| ၄း၄၀ | ရှေးမူမပျက် ထိန်းသိမ်းဖို့ရာ မြန်မာ့ရွှေချည်ထိုးပညာ |
| ၄း၄၅ | ဆေးဖက်ဝင်သစ်ခွ၏ အသုံးဝင်မှုများထဲမှ. . . |
| ၅း၀၀ | အစီအစဉ်ပြီး။ |

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

### Barclays Premier League ဘောလုံးပွဲစဉ်များ

| ညပိုင်း | ပွဲစဉ် | | | ပြသမည့်လိုင်း |
|---|---|---|---|---|
| ၇း၅၅ | Bolton | - | Blackburn | ESPN (Live) |
| | Wolverhampton | - | Birmingham | STAR SPORTS(Live) |
| ၁၀း၂၅ | Tottenham | - | Chelsea | ESPN (Live) |

**သာသနာရေး ဝန်ကြီးဌာန ဝန်ကြီး သူရဦးမြင့်မောင် ဗောဓိပက္ခိယ ရုပ်ပွားတော်မြတ်ကြီး၏ ဂန္ဓကုဋိတိုက်တည်ဆောက်ရေး လုပ်ငန်းအတွက် အလှူရှင်များက လှူဒါန်းသည့် အလှူတော်ငွေများကို လက်ခံစဉ်။**

(သတင်းစဉ်)

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးတင်နိုင်သိန်း ဗောဓိပက္ခိယ ရုပ်ပွားတော်မြတ်ကြီး၏ ဂန္ဓကုဋိတိုက်တည်ဆောက်ရေးလုပ်ငန်း အတွက် အလှူရှင်များက လှူဒါန်းသည့် အလှူတော်ငွေများကို လက်ခံစဉ်။**

(သတင်းစဉ်)



## ကမ္ဘာ့ခုခံအားတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပညာပေးဟောပြောပွဲ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၁**

မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်းက ကြီးမှူးကျင်းပသော ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပညာပေးဟောပြောပွဲကို ဒီဇင်ဘာ ၅ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရန်ကုန်မြို့ သယ်န်းကျွန်းမြို့နယ် သံသုမာလမ်းရှိ အသင်းခန်းမဆောင်၌ ကျင်းပရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်ဖြူဖြူစိုးနှင့် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်) တွဲဖက်ပါမောက္ခ ဒေါက်တာဇော်မိုးသိန်းတို့က ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါနှင့် စပ်လျဉ်း၍ ပညာပေးဟောပြောကြသည်။

အဆိုပါဟောပြောပွဲသို့ မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်း ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဦးသိန်းထွန်းနှင့် အမှုဆောင်အဖွဲ့ဝင်များ၊ မြို့နယ်ကျန်းမာရေးဝန်ထမ်းများ၊ ရပ်ကွက်ပြည်သူများ၊ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## မြန်မာနိုင်ငံ ဆရာဝန်အသင်း သက်ကြီးပူဇော်ပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၁**

မြန်မာနိုင်ငံဆရာဝန်အသင်း(ရန်ကုန်) အမျိုးသမီး ဆရာဝန်များအဖွဲ့က ကြီးမှူး၍ မြန်မာနိုင်ငံဆရာဝန်အသင်း၏ (၂၈)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၈ရက် (စနေနေ့) နံနက် ၉နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်း အမှတ်(၂၄၉)ရှိ မြန်မာနိုင်ငံဆရာဝန် အသင်း ခန်းမဆောင်(အေ)၌ ကျင်းပမည်ဖြစ်သည်။ ရန်ကုန်မြို့တွင် လက်ရှိနေထိုင်လျက်ရှိသော အသက် (၇၃)နှစ်နှင့်အထက် (၁၉၃၇ ခု၊ ဒီဇင်ဘာမတိုင်မီ မွေးဖွားခဲ့ကြသော) သက်ကြီးဆရာဝန်ကြီးများ ပူဇော်ကန်တော့ခံယူနိုင်ကြကြောင်းနှင့် ယင်းအခမ်းအနား၌ ပူဇော်ကန်တော့ရန် ဆရာဝန်များ ကြွရောက်ကြရန် ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ဒုတိယဝန်ကြီး ဒေါက်တာမြဦးအား ဧည့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၁၁

**ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးအား Chair of Donor Consortium Three Disease Fund - H.E Bengt Ekman နှင့် Phase 2 Design Mission of the Three Diseases Fund မှ Team Leader များဖြစ်ကြသော Ms. Birte Sorenson, Mr. Amnesty Le Fevre နှင့် Mr.John Janes တို့သည် ယနေ့မွန်းလွဲ ၁နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။**

ထိုသို့ တွေ့ဆုံရာ၌ ရောဂါကြီးသုံးမျိုးရန်ပုံငွေဖြင့် အေအိုင်ဒီအက်စ်၊ တီဘီနှင့် ငှက်ဖျားရောဂါ တိုက်ဖျက်ရေးလုပ်ငန်းများကို ၂၀၀၇ ခုနှစ်မှစတင်ဆောင်ရွက်ခဲ့ရာ ၂၀၁၁ ခုနှစ်တွင် ငါးနှစ်တာကာလပြီးဆုံးမည်ဖြစ်ပြီး အနာဂတ်တွင် ဆက်လက်ဆောင်ရွက်မည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၌ မိခင်နှင့်ကလေး စောင့်ရှောက်မှုလုပ်ငန်းများကို ထည့်သွင်းဆောင်ရွက်သွားရန် ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးအား Ms. Birte Sorenson, Mr. Amnesty Le Fevre နှင့် Mr.John Janes တို့ နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)



**ကျောက်ပန်းတောင်းမြို့နယ်အတွင်းရှိ ကျေးလက်ဒေသများ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် နတ်ကန်လည်ကျေးရွာအုပ်စု ကျေးရွာအတွင်း စက်ရေတွင်း တူးဖော်ပေးရာ ပြည်သူလူထု ထည့်ဝင်ငွေ ကျပ်သိန်း ၁၀၀ နှင့် IBTC ကုမ္ပဏီက ငွေကျပ် ၈၉ သိန်း လှူဒါန်းခဲ့ပြီး စက်ရေတွင်း တူးဖော်ခြင်းကို အမှုဆောင်အရာရှိ ဦးတင်မြင့်နှင့် ဝန်ထမ်းများ ဆောင်ရွက်ပေးစဉ်။**

(မြို့နယ်စည်ပင်)

# ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၌ သက်ကြီးစာပေပညာရှင်များအား ကန်တော့

**ရန်ကုန် ဒီဇင်ဘာ ၁၁**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့မှ ပထမအကြိမ် စာဆိုတော်နေ့နှင့် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၅ရက်က အမှတ် (၂၀)ရပ်ကွက် အောင်ဗောဓိဘုရားဝင်း မိဘရိပ်သာသနာ့ဗိမာန်တော်၌ ကျင်းပရာ မြို့နယ်စာပေနှင့် စာနယ်ဇင်းဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ ပရိသတ်များက ကန်တော့ပစ္စည်းနှင့် ကန်တော့ငွေများအား တစ်ဦးချင်းစီ ကိုယ်တိုင်ပေးအပ် ပူဇော်ကန်တော့ကြကြောင်း သိရသည်**(အောက်ဝဲပုံ)**

(ကြေးမုံ)



**အုတ်တွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့ပြလမ်းဖြစ်သော ဦးဝင်းဖေလမ်း လမ်းပေါက်ဖာခြင်း ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးခိုင်ထွန်း ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ရာ အငယ်တန်းအင်ဂျင်နီယာ-၂ (မြို့ပြ) ဦးစောဘေးလေဂရေး ရှင်းလင်းတင်ပြစဉ်။**

(၂၉၄)



# အထက(၁) ရေစကြို အာစရိယပူဇော်မည်

**ရန်ကုန် ဒီဇင်ဘာ ၁၁**

အထက(၁) ရေစကြို၌ ပညာသင်ကြားပေးခဲ့ကြသော အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများအား အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၉ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် အထက(၁) ရေစကြို မြတမာခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူများ စုံညီစွာ တက်ရောက်ကြရန်နှင့် အလှူငွေများကို ဒေါ်ချစ်ရင် (ကျောင်းအုပ်ဆရာမကြီး၊ အထက(၁) ရေစကြို) ဖုန်း-၀၆၂-၃၀၂၅၃၊ ဦးမြင့်အောင် ဖုန်း-၀၆၂-၃၀၃၇၅၊ ဦးဌေးလွင် ဖုန်း-၀၆၂-၃၀၂၇၅၊ ဦးအောင်မိုး ဖုန်း-၀၆၂-၃၀၁၀၂၊ ဦးဇော်မင်း ဖုန်း-၀၉-၂၀၀၅၃၃၉၊ ဒေါ်ချိုချိုထွန်း ဖုန်း-၀၂-၆၄၅၀၅၊ ဦးစိန်မြင့် ဖုန်း-၀၁-၇၂၁၂၀၈၊ ဦးတင်မြင့် ဖုန်း-၀၁-၅၃၈၂၀၉ နှင့် ဦးသက်လွင် ဖုန်း ၀၁-၂၂၂၇၉၆ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

ကြေးမုံ The Mirror

## မြို့နယ်သတင်းများ

# အထက(၁) ဘိုကလေး ကျောင်းသား၊ ကျောင်းသူဟောင်းများ အာစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၁**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၏ သက်ပြည့် အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများအား ဒသမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၄ရက် (အင်္ဂါနေ့) ညနေ ၄ နာရီတွင် ယင်းကျောင်းရှိ အောင်ဆန်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဦးစောဝေ ဖုန်း-၀၉-၅၁၀၈၇၀၅၊ ၀၁-၂၁၂၅၀၀၊ ဦးမြင့်သောင်း ဖုန်း-၀၁-၂၁၆ ၈၆၂၊ ဦးဝင်းမြင့် ဖုန်း -၀၉-၅၁၀၅ ၈၀၆၊ ဦးလှသန်းဦး ဖုန်း-၀၉-၈၅၉၅ ၁၁၉၊ ဦးတင်မောင်ပြုံး ဖုန်း-၀၉-၈၅၉၅ ၆၃၉၊ ဒေါ်နီလာအောင် ဖုန်း-၀၉-၈၅၉၅ ၁၀၀၊ ဒေါ်ခင်သန်းအေး ဖုန်း-၀၄၅-၄၅၃ ၈၈ နှင့် ဘိုကလေးမြို့နယ်အသင်း (ရန်ကုန်)၀၁-၂၁၂၅၀၈ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

ကြေးမုံ The Mirror

# ပြည်သူ့ထံမှ ပေးစာများ

## ကားဘော်ဒီထုရိုက်သံဆူညံ

**စာတည်းခင်ဗျား-**

ရန်ကုန်မြို့ လှိုင်မြို့နယ် (၉)ရပ်ကွက် အင်းစိန်လမ်းနှင့် ဓမ္မသုခကျောင်းလမ်းထောင့်ရှိ ခြံတစ်ခြံတွင် ကားဘော်ဒီဆေးမှုတ်လုပ်ငန်းလုပ်ကိုင်လျက်ရှိရာ ထုရိုက်ဆူညံသံများကြောင့် ပတ်ဝန်းကျင်နေသူများ ကျန်းမာရေးထိခိုက်စေသည့်အပြင် စိတ်အနှောင့် အယှက်ဖြစ်နေကြရပါသဖြင့် စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**ရပ်ကွက်သားများ**

## ညှော်နံ့ကြောင့် ကျန်းမာရေးထိခိုက်

**စာတည်းရှင့်-**

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် (၁) ရပ်ကွက် မဟာဗန္ဓုလလမ်း(လမ်း၅၀နှင့် ၅၁ လမ်းကြား) ပေါ်ရှိ စားသောက်ဆိုင်သည် လူနေတိုက်ခန်းအတွင်း နံနက် ၃ နာရီမှ ည၁၁နာရီအထိ နေ့ရောညပါ ကြော်လှော်ချက်ပြုတ်ရောင်းချလျက်ရှိရာ ညှော်နံ့များကို ပတ်ဝန်းကျင်နေသူ သက်ကြီးရွယ်အိုများ နေ့စဉ်ရှူရှိုက်နေရသောကြောင့် ကျန်းမာရေးထိခိုက်စေပါသည်။ သို့ဖြစ်ပါ၍ လူနေအိမ်တိုက်ခန်းအတွင်း ကြော်လှော် ချက်ပြုတ်ရောင်းချနေခြင်းကို စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**ညှော်နံ့မခံနိုင်သူများ**

## အနံ့ဆိုးများကြောင့် ကျန်းမာရေးထိခိုက်

**စာတည်းခင်ဗျား-**

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် (၄)မြောက်ရပ်ကွက် မြို့မ(၁၁) လမ်းအနောက်ရှိ နေအိမ်တစ်အိမ်တွင် စီးပွားဖြစ် ဝက်များ မွေးမြူသဖြင့် ပတ်ဝန်းကျင်နေ ပြည်သူများသည် အလွန်ပြင်းထန်သော အနံ့ဆိုးများ ကျန်းမာရေးထိခိုက်နေကြပါသည်။

သို့ဖြစ်ပါ၍ သက်ဆိုင်ရာမှ အမြန်ဆုံး အရေးယူဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**အနံ့ဆိုးမခံနိုင်သူ**

## လမ်းထောင့်မှ အမှိုက်ပုံရှင်းလင်းစေလို

**စာတည်းရှင့်-**

ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်၊ (၂၉)ရပ်ကွက် သုဝဏ္ဏဈေး ကောက်လျှင်လမ်းနှင့် နှံ့ပွားလမ်းထောင့်ရှိ စည်းကမ်းမဲ့ စွန့်ပစ်ထားသော အမှိုက်ပုံကြီးကြောင့် လမ်းသွားလမ်းလာများ၊ ပတ်ဝန်းကျင်ရှိ ဆိုင်ခန်းများ၊ လူနေအိမ်များသည် အနံ့ဆိုးများကို နေ့စဉ် ရှူရှိုက်နေကြရပါသည်။ ပတ်ဝန်းကျင်သန့်ရှင်းမှုရှိစေရေး ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**လမ်းသား၊ လမ်းသူများ**

## ကော်ပြန့်ညှော်နံ့ ပတ်ဝန်းကျင်ပျံ့နှံ့

**စာတည်းခင်ဗျား-**

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် (၁)ရပ်ကွက် ဆီစက်လမ်းတွင် ကော်ပြန့်မုန့်ဖုတ်လုပ်ငန်းကို လုပ်ကိုင်လျက်ရှိရာ ညှော်နံ့၊ မုန့်ချဉ်နံ့များ နံစော်ပြီး ဆူညံနေခြင်းတို့ကြောင့် ပတ်ဝန်းကျင်နေသူများ စိတ်အနှောင့်အယှက် ဖြစ်နေကြရပါသည်။ သို့ဖြစ်ပါ၍ အဆိုပါလုပ်ငန်းအား စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**ရပ်ကွက်သားများ**

## ကျူးကျော်အိမ် ဖယ်ရှားပေးပါ

**စာတည်းခင်ဗျား-**

လားရှိုးမြို့ ရပ်ကွက်(၁၂) နယ်မြေ (၁၉)၊ (၁၂/၇) တိုးချဲ့ကွက်သစ် လမ်းတစ်လမ်း၏ရှေ့၌ ကျူးကျော်အိမ်များ တည်ဆောက်နေပါသဖြင့် လမ်းသွားလမ်းလာများ အခက်အခဲရှိပြီး နွေရာသီကာလတွင် မီးဘေးအန္တရာယ် စိုးရိမ်ရပါသောကြောင့် သက်ဆိုင်ရာမှ အမြန်ဆုံးရှင်းလင်းဖယ်ရှားပေးနိုင်ပါရန် တင်ပြအပ်ပါသည်။

**ရပ်ကွက်သား**

## ကားဂိတ်ဟောင်းတဲ ဖယ်ရှားပေးပါ

**စာတည်းရှင့်-**

ရန်ကုန်မြို့ ရွှေဘုံသာလမ်း(အထက်) (၅)ရပ်ကွက်အတွင်းတွင် လိုင်းကားဂိတ်တဲတစ်ခုထားရှိခဲ့ရာ ယခုအခါ လိုင်းကားများမလာတော့ပါ။ အဆိုပါဂိတ်တဲတွင် နေ့ဘက်၌လက်ဖက်ရည်ဆိုင် အငှားဖွင့်ထားပြီး ညဘက်တွင် အဆိုပါဂိတ်တဲ၌မှောင်ရိပ်ခိုမှုများ ရှိနေပါသဖြင့် စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**ရွှေဘုံသာသူ**

## ပြည်သူ့ထံမှ ပေးစာများ ပေးပို့လိုပါလျှင်

**ပြည်သူ့ထံမှပေးစာ ကဏ္ဍသို့ ပေးပို့လိုပါက ပေးပို့သူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသားဖော်ပြ၍ ပြည်သူ့ထံမှပေးစာကဏ္ဍ၊ ကြေးမုံသတင်းစာတိုက်၊ အမှတ်(၇၇)၊ (၅၂)လမ်း (မဟာဗန္ဓုလလမ်းထောင့်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူ ပေးပို့နိုင်ပါသည်။**

## သံချောင်းထုသံ၊ ဖြတ်သံ ဆူညံ

**စာတည်းရှင့်-**

ထားဝယ်မြို့ ကရပ်ပြင်(မြောက်)ရပ် ဂေါ်သဇင်လမ်းသွယ်(၄)အနီး အိမ်တစ်အိမ်တွင် တစ်နေကုန်ကားဘော်ဒီထုခြင်း၊ ဂဟေဆော်ခြင်း၊ သံချောင်းများ ထုရိုက်ဖြတ်တောက်ခြင်းတို့ကို လုပ်ကိုင်လျက်ရှိရာ ဆူညံသံနှင့် အနံ့ဆိုးများကြောင့် ပတ်ဝန်းကျင်နေသူများအား စိတ်အနှောင့်အယှက်ဖြစ်နေပါသဖြင့် အဆိုပါလုပ်ငန်းကို လူနေရပ်ကွက်အတွင်းမှ ပြောင်းရွှေ့ပေးပါရန် တင်ပြအပ်ပါသည်။ **နားမခံနိုင်သူများ**

## ရွှေနတ်တောင်-ညောင်စာရေးကားလမ်းပြုပြင်ပြီးစီး

၄-၈-၂၀၁၀ရက်ထုတ် ကြေးမုံသတင်းစာပါ ရွှေတောင်မြို့နယ်မှ **ကားလမ်းနှင့် တံတား ပြုပြင်ပေးစေလို** ပေးစာနှင့်စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီး ကြောင်း ဖော်ပြအပ်ပါသည်။ **မြို့နယ်စည်ပင်**

## စက်မောင်းသံဆူညံ ရှင်းလင်းပြီးစီး

၂၈-၈-၂၀၁၀ရက်ထုတ် ကြေးမုံသတင်းစာပါ ဝါးခယ်မမြို့နယ် မြသိန်းတန်(၂)လမ်းမှ**စက်မောင်းသံဆူညံ ကျန်းမာရေးထိခိုက်** ပေးစာနှင့် စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။ **မြို့နယ်စည်ပင်**

# မလိရေခဲတောင်သို့ အောင်မြင်စွာတက်ရောက်ခဲ့သည့် တောင်တက်အဖွဲ့ဝင်များအား ဝန်ကြီး သူရဦးအေးမြင့် ဂုဏ်ပြုချီးမြှင့်

နေပြည်တော် ဒီဇင်ဘာ ၁၁

**မြန်မာ-အိန္ဒိယနယ်စပ် ကချင်ပြည်နယ် ပူတာအိုခရိုင်အတွင်းရှိ အမြင့် ၁၅၆၃၁ ပေရှိသော မလိရေခဲတောင်ထိပ်သို့ အောင်မြင်စွာ တက်ရောက်နိုင်ခဲ့သည့် မြန်မာနိုင်ငံ ခြေလျင်နှင့် တောင်တက်အဖွဲ့ချုပ် အတွင်းရေးမှူး ဒေါက်တာခင်မောင် ခေါင်းဆောင်သော ကျောင်းသားလူငယ် တောင်တက်အားကစားအဖွဲ့ဝင် ၃၁ ဦးတို့အား ဂုဏ်ပြုခြင်းအခမ်းအနားကို ယမန်နေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့် တက်ရောက်၍ ဂုဏ်ပြုအမှာစကား ပြောကြားသည်။**

ရှေးဦးစွာ ခြေလျင်နှင့် တောင်တက်အဖွဲ့ခေါင်းဆောင် ဒေါက်တာခင်မောင်က မလိရေခဲတောင်သို့ အောင်မြင်စွာ တက်ရောက်နိုင်ခဲ့မှုနှင့် စပ်လျဉ်းသည်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီး သူရဦးအေးမြင့်က ဂုဏ်ပြုအမှာစကား ပြောကြားရာတွင် ကချင်ပြည်နယ် ပူတာအိုခရိုင်အတွင်းရှိ မည်သူမျှ တက်ရောက်ရခြင်း မရှိသေးသည့် မလိရေခဲတောင်သို့ အောင်မြင်စွာ တက်ရောက်နိုင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများ၊ မြန်မာနိုင်ငံ ခြေလျင်နှင့် တောင်တက်အဖွဲ့ချုပ်မှ အားကစားမောင်၊ မယ်များအား ဂုဏ်ပြုမှတ်တမ်းတင်ပါကြောင်း၊ ယခုကဲ့သို့ နှစ်သစ်ကူးပြောင်းတော့မည့် အချိန်အခါသမယတွင် အမြင့်ပေ ၁၅၆၃၁ ပေရှိ မလိရေခဲတောင်ပေါ်၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံသစ်ကို ဂုဏ်ယူဝင့်ကြွားစွာ စိုက်ထူနိုင်ခဲ့သည့်အတွက် ထပ်မံ၍ ချီးကျူးဂုဏ်ပြုပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ဝန်ကြီးက မလိရေခဲတောင်သို့ တက်ရောက်ခဲ့သည့် ခြေလျင်နှင့် တောင်တက်အဖွဲ့ဝင်များအား ကြယ်နှစ်ပွင့် အဆင့်ရှိ တောင်တက်သမားအဖြစ် သတ်မှတ်သည့် ရင်ထိုးတံဆိပ်များကို တစ်ဦးချင်း တပ်ဆင်ပေးကာ ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ခြေလျင်တောင်တက်အဖွဲ့ခေါင်းဆောင်က ဝန်ကြီးအား အထိမ်းအမှတ်အလံနှင့် ရေခဲတောင်ခတ်ပုံတို့ကို အမှတ်တရလက်ဆောင်အဖြစ် ပြန်လည်ပေးအပ်သည်။

ထို့နောက် တောင်တက်အားကစားအဖွဲ့ဝင်များကိုယ်စား အဖွဲ့ဝင်တစ်ဦးက ကျေးဇူးတင်စကား ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ပြီး ဝန်ကြီးက နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ မလိရေခဲတောင်တက်အဖွဲ့တွင် ရန်ကုန်ဆေးတက္ကသိုလ်၊ ဒဂုံတက္ကသိုလ်၊ စီးပွားရေးတက္ကသိုလ်၊ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်၊ ရတနာပုံတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ မကွေးတက္ကသိုလ်တို့မှ ကျောင်းသား၊ ကျောင်းသူ ၁၆ ဦး၊ မြန်မာနိုင်ငံ တောင်တက်အဖွဲ့ချုပ်မှ တောင်တက်အတွေ့အကြုံရှိသူ အဖွဲ့ဝင် ၁၅ ဦးတို့ပါဝင်ပြီး အမြင့်ပေ ၁၅၆၃၁ ပေရှိ မလိရေခဲတောင်ထိပ်သို့ နိုဝင်ဘာ ၄ ရက်မှ ဒီဇင်ဘာ ၁၀ ရက်အထိ တက်ရောက်ခဲ့ကြကြောင်းနှင့် မြန်မာနိုင်ငံ ခြေလျင်နှင့် တောင်တက်အဖွဲ့ချုပ်အနေဖြင့် ၁၉၉၆ ခုနှစ် စက်တင်ဘာလတွင် ခါကာဘိုရာဇီတောင်သို့ လည်းကောင်း၊ ၂၀၀၁ ခုနှစ်နှင့် ၂၀၀၂ခုနှစ် ဧပြီလများတွင် ဖွန်ဂန်ရေခဲတောင်သို့ လည်းကောင်း၊ ၂၀၀၂ ခုနှစ် အောက်တိုဘာလတွင် အီမောဘွန်းတောင်သို့ လည်းကောင်း၊ ၂၀၀၃ ခုနှစ် ဖေဖော်ဝါရီလတွင် စာရာမေရီတောင်သို့ လည်းကောင်း၊ ၂၀၀၃ ခုနှစ် ဒီဇင်ဘာလတွင် ဖန်ဂရန်ရေခဲတောင်သို့ လည်းကောင်း၊ ၂၀၀၅ ခုနှစ် အောက်တိုဘာလတွင် မဒွယ်ရေခဲတောင်သို့ လည်းကောင်း၊ ၂၀၀၇ ခုနှစ် နိုဝင်ဘာလတွင် ဖုန်ရင်ရေခဲတောင်သို့ လည်းကောင်း၊ ၂၀၀၈ ခုနှစ် နိုဝင်ဘာလတွင် ထောတဂေါ်ရေခဲတောင်သို့ လည်းကောင်း၊ ၂၀၀၉ ခုနှစ် ဒီဇင်ဘာလတွင် ဇီယာရေခဲတောင်သို့ လည်းကောင်း အောင်မြင်စွာ တက်ရောက်ခဲ့ပြီး ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့် မြန်မာ-အိန္ဒိယနယ်စပ် ကချင်ပြည်နယ် ပူတာအိုခရိုင်အတွင်းရှိ အမြင့် ၁၅၆၃၁ ပေရှိ မလိရေခဲတောင်ထိပ်သို့ အောင်မြင်စွာ တက်ရောက်နိုင်ခဲ့သည့် မြန်မာနိုင်ငံ ခြေလျင်နှင့် တောင်တက်အဖွဲ့မှ တာဝန်ရှိသူထံ ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်စဉ်။** (သတင်းစဉ်)




## မိုးရေချိန်စံချိန်သစ်

**နေပြည်တော် ဒီဇင်ဘာ ၁၁**

ယနေ့ နံနက် ၉ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဒီဇင်ဘာလ၏ ၂၄ နာရီအတွင်း အများဆုံးရွာသွန်းခဲ့သော မိုးရေချိန် စံချိန်သစ်များကို မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။

| စဉ် | စခန်းအမည် | မိုးရေချိန်စံချိန်သစ် | | စံချိန်ဟောင်း | | ယခင်စံချိန်ကျိုးခဲ့သည့်နှစ် | စံချိန်ကျိုးသည့်နှစ်ပေါင်း |
|---|---|---|---|---|---|---|---|
| | | မီလီမီတာ | လက်မ | မီလီမီတာ | လက်မ | | |
| ၁။ | မော်လမြိုင် | ၁၀၄ | ၄. ၀၉ | ၈၆ | ၃. ၃၉ | ၃-၁၂-၁၉၉၂ | ၁၉ |
| ၂။ | သံတွဲ | ၇၆ | ၂. ၉၉ | ၅၀ | ၁. ၉၇ | ၁၂-၁၂-၁၉၉၇ | ၆၄ |
| ၃။ | ဘားအံ | ၆၅ | ၂. ၅၆ | ၄၈ | ၁. ၈၉ | ၂၅-၁၂-၁၉၉၂ | ၄၅ |

## မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် မိုးလျော့နည်းနိုင်

နေပြည်တော် ဒီဇင်ဘာ ၁၁

**ယနေ့နံနက် ၉ နာရီခွဲအချိန်ထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး မွန်ပြည်နယ်တွင် ဒေသအလိုက်နှင့် ရခိုင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **ညအပူချိန်များမှာ** ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ၊ ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်ထိ၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၇ ဒီဂရီစင်တီဂရိတ်မှ ၈ ဒီဂရီစင်တီဂရိတ်ထိပိုခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ **ထူးခြားသည့် ညအပူချိန်များမှာ** မချမ်းဘောမြို့တွင် ၈ ဒီဂရီစင်တီဂရိတ်နှင့် ပူတာအိုမြို့တွင် ၉ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** နေပြည်တော်တပ်ကုန်းမြို့နယ်တွင် သုည ဒသမ ၅၅ လက်မ၊ ကျိုက္ခမီမြို့တွင် ၇ ဒသမ ၅၂ လက်မ၊ ပေါင်မြို့တွင် ၄ ဒသမ ၃၇ လက်မ၊ မော်လမြိုင်မြို့တွင် ၄ ဒသမ ၀၉ လက်မ၊ မုဒုံမြို့တွင် ၃ ဒသမ ၉၄ လက်မ၊ တောင်ကုတ်မြို့တွင် ၃ ဒသမ ၆၂ လက်မ၊ ကျိုက်မရောမြို့တွင် ၃ ဒသမ ၁၄ လက်မ၊ သထုံမြို့တွင် ၃ ဒသမ ၀၇ လက်မ၊ သံတွဲမြို့တွင် ၂ ဒသမ ၉၉ လက်မ၊ ဘားအံမြို့တွင် ၂ ဒသမ ၅၆ လက်မ၊ မာန်အောင်မြို့တွင် ၂ ဒသမ ၄၄ လက်မ၊ မိုးကုတ်မြို့တွင် ၂ ဒသမ ၄၀ လက်မ၊ သိမ်ဇရပ်မြို့တွင် ၂ ဒသမ ၀၅ လက်မ၊ ပဲခူးမြို့တွင် ၁ ဒသမ ၈၉ လက်မနှင့် လားရှိုးမြို့တွင် ၁ ဒသမ ၆၁ လက်မတို့ ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ ။ ။** ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

**ဒီဇင်ဘာ ၁၂ ရက် ညနေထိခန့်မှန်းချက် ။ ။** ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲနှင့် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်မိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင် ။ ။** ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့် ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက် ။ ။** မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် မိုးလျော့နည်းနိုင်သည်။

**နေပြည်တော်**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**ရန်ကုန်မြို့**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မန္တလေးမြို့**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

## Technoland ခရစ္စမတ် အထူးဈေးရောင်းပွဲတော် ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၁**

Technoland က ကြီးမှူး၍ ခရစ္စမတ် အထူးဈေးရောင်းပွဲတော်ကို ဒီဇင်ဘာ ၁ ရက်မှ ၃၁ ရက်အထိ ကျင်းပလျက်ရှိသည်။ **(အောက်ယာပုံ)** အထူးဈေးရောင်းပွဲတော်တွင် Technoland Showrooms များ၌ Desktop, Laptop, Netbook, All-in- One, Projector, Macbook, iMac, iPod, iPad, iPhone နှင့် Accessories များကို ဝယ်ယူအားပေးသူများအား စုစုပေါင်း ငွေကျပ် ၅၅ သိန်းတန်ဖိုးရှိ ဈေးဝယ်ခွင့်လက်မှတ်များကို ကံစမ်းမဲစနစ်ဖြင့် ချက်ချင်းဝယ် ချက်ချင်း ထုတ်ပေးလျက်ရှိသည်။

Technoland Centre သည် ဝယ်ယူသုံးစွဲသူများအတွက် အကောင်းဆုံး Service ဝန်ဆောင်မှုများ ပေးလျက်ရှိသည်။ မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်းနှင့် Novel Light Media Ltd. တို့ ပူးပေါင်းပြုလုပ်သည့် ၂၀၁၀ ခုနှစ် မြန်မာနိုင်ငံ အိုင်စီတီစစ်တမ်းကောက်ယူမှုရလဒ်များအရ အကောင်းဆုံး Service Centre များတွင် Technoland Computer Centre သည် ရွေးချယ်ဖော်ပြခြင်းခံရသည်။ ထို့ပြင် ၂၀၀၉ ခုနှစ်တွင်လည်း အကောင်းဆုံး Service Centre အဖြစ်ရရှိခဲ့သည်။

ခရစ္စမတ် အထူးဈေးရောင်းပွဲတော်အဖြစ် စုစုပေါင်းငွေကျပ် ၅၅ သိန်းတန်ဖိုးရှိ ဈေးဝယ်ခွင့် လက်မှတ်များကို ကံစမ်းမဲစနစ်ဖြင့် ချက်ချင်းဝယ် ချက်ချင်း ရယူလိုပါက Technoland Showroom (1) အမှတ်(၁၈၆-၁၈၈) မဟာဗန္ဓုလပန်းခြံလမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၇၃၀၂၄၃၂၇၊ ၀၁-၇၃၀၂၄၃၂၈ နှင့် ၀၁-၇၃၀၄၁၇၃၄၊ Showroom(2) အမှတ်(၉၈)အင်းလျားလမ်း ကမာရွတ်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၅၀၀၇၄၇ နှင့် ၅၁၄၃၀၃၊ Showroom(3) (၇၈)လမ်း (၃၉လမ်းနှင့် လမ်း ၄၀ကြား) မဟာအောင်မြေမြို့နယ် မန္တလေးမြို့ ဖုန်း-၀၂-၉၁၀၂၄၈၀၂၊ ၀၂-၉၁၀၂၄၈၁၉ နှင့် ၀၉-၂၀၁၆၁၂၅ တို့တွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)





**မွန်ပြည်နယ် စည်ပင်သာယာရေးညွှန်ကြားရေးမှူး ဦးအေးဆွေနှင့်အဖွဲ့ ချောင်းဆုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ လမ်းဘေး ဝဲ၊ ယာ သန့်ရှင်းသပ်ရပ်စွာ ဆောင်ရွက်ထားရှိမှုအား လိုက်လံစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကိုကိုနိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးထွန်းမြင့်အောင်တို့ ရှင်းလင်းတင်ပြစဉ်။** (မြို့နယ်စည်ပင်)

## အထက (၄) မြောက်ဥက္ကလာပ အာစရိယပူဇော်မည်

**ရန်ကုန် ဒီဇင်ဘာ ၁၁**

ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် အမှတ်(၄) စံပြအခြေခံပညာအထက်တန်းကျောင်းတွင် ၁၉၆၆ ခုနှစ်မှ ၁၉၈၁ ခုနှစ်အတွင်း သုံးနှစ်ဆက်တိုက် တာဝန်ထမ်းဆောင်ခဲ့ကြသော ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများနှင့် ဆရာ၊ ဆရာမများအား (၁၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၁၉ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အဆိုပါကျောင်း ရတနာခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ဂါရဝပြုနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

## ပခုက္ကူ အမှတ်(၂)အထက အာစရိယပူဇော်မည်

**မကွေး ဒီဇင်ဘာ ၁၁**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ၁၉၅၃ ခုနှစ်မှ ၂၀၁၀ ခုနှစ်ထိ ပညာသင်ကြားပို့ချခဲ့ပြီး အသက်(၆၀)ပြည့် အငြိမ်းစားယူသွားကြသော ဆရာကြီး၊ ဆရာမကြီးများအား ကျောင်းသား၊ ကျောင်းသူဟောင်းများက (၁၇)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၄ ရက်တွင် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ပိတောက်ဆောင်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ အလှူငွေထည့်ဝင်ဆက်သွယ်လှူဒါန်းလိုသူများသည် ဦးလှသောင် ဖုန်း-၀၆၂-၂၁၅၅၂၊ ဦးယဉ်ထွန်း ဖုန်း-၀၆၂-၂၃၇၅၉၊ ဦးစိန်အောင် ဖုန်း-၀၆၂-၂၃၆၄၇၊ ဦးလှအောင် (မန္တလေး) ဖုန်း-၀၂-၂၆၃၁၂နှင့် ဒေါ်စန်းစန်း(ရန်ကုန်) ဖုန်း-၀၁-၅၁၇၀၁၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

## ပရီမီယာလိဂ်ပွဲစဉ်(၁၇)ရလဒ်များ

| | | |
|---|---|---|
| ဗီလာ | ၂-၁ | ဝက်စ်ဘရွန်း |
| အဲဗာတန် | ၀-၀ | ဝီဂန် |
| ဖူလ်ဟမ် | ၀-၀ | ဆန်းဒါးလန်း |
| စတုတ်စီးတီး | ၀-၁ | ဘလက်ပူးလ် |
| ဝက်စ်ဟမ်း | ၁-၃ | မန်စီးတီး |

*အင်တာနက်။*

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

## ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။




# နေပြည်တော်ခရိုင် ပျဉ်းမနားမြို့နယ်၌ တည်ထားကိုးကွယ်သည့် ဗောဓိပက္ခိယ ရုပ်ပွားတော်မြတ်ကြီး ဂန္ဓကုဋိတိုက် တည်ဆောက်ရေးလုပ်ငန်း အလှူတော်ငွေပေးအပ်ခြင်း မင်္ဂလာအခမ်းအနား နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် တက်ရောက်ကြည်ညိုပြီး အလှူတော်ငွေများ လက်ခံ

နေပြည်တော် ဒီဇင်ဘာ ၁၁

**နေပြည်တော်ခရိုင် ပျဉ်းမနားမြို့နယ် ပန်းခင်း(၃)ရပ်ကွက်၌ တည်ထားကိုးကွယ်သည့် ဗောဓိပက္ခိယ ရုပ်ပွားတော်မြတ်ကြီး၏ ဂန္ဓကုဋိတိုက်တည်ဆောက်ရေးလုပ်ငန်း အလှူတော်ငွေပေးအပ်ခြင်း မင်္ဂလာအခမ်းအနားကို ဒီဇင်ဘာ ၁၀ ရက် ညနေ ၄ နာရီတွင် အဆိုပါ ဂန္ဓကုဋိတိုက်၌ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် တက်ရောက်ကြည်ညို၍ အလှူတော်ငွေများကို လက်ခံသည်။**

အဆိုပါ အလှူတော်ငွေပေးအပ်ခြင်း မင်္ဂလာအခမ်းအနားသို့ နိုင်ငံတော်သြဝါဒါစရိယ နေပြည်တော်ခရိုင် ပျဉ်းမနားမြို့နယ် မဟာဝိသုတာရာမ စျေးကုန်းကျောင်းတိုက် ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်မောင်အေး၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်သည်။ ထို့နောက် နိုင်ငံတော်သြဝါဒါစရိယ နေပြည်တော်ခရိုင် ပျဉ်းမနားမြို့နယ် မဟာဝိသုတာရာမ စျေးကုန်းကျောင်းတိုက် ပဓာနနာယကဆရာတော်

**စာမျက်နှာ ၈ ကော်လံ ၁ သို့** ❁

**နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် အမှူးပြုသော ဧည့်ပရိသတ်များ ဗောဓိပက္ခိယရုပ်ပွားတော်မြတ်ကြီး၏ ဂန္ဓကုဋိတိုက်တည်ဆောက်ရေးလုပ်ငန်း အလှူတော်ငွေပေးအပ်ခြင်း မင်္ဂလာအခမ်းအနားတွင် ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြစဉ်။**
(အပေါ်ပုံ) (သတင်းစဉ်)